၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group    Issue No. 696 FEBRUARY 8, 2009

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## ဒေါ်အောင်ဆန်းစုကြည်နှင့်ဂမ်ဘာရီ နအဖစစ်အုပ်စုညှော်ဂေဟာမှာတွေ့ဆုံ

**DVB ၊ ဖေဖော်ဝါရီ ၂။** ။ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဆင့်မြင့်တာဝန်ရှိသူငါးဦးတို့ အစိုးရညှော်ဂေဟာမှာဆွေးနွေးပါတယ်။

ဆွေးနွေးပွဲမစတင်မီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တွေဖြစ်တဲ့ ဦးညွန့်ဝေ၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးစိုးမြင့်တို့ငါးဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အစိုးရညှော်ရိပ်သာမှာ ၁၅ မိနစ်ခန့်တွေ့ပြီးတဲ့နောက် မစ္စတာဂမ်ဘာရီနဲ့ တနာရီခွဲကြာတွေ့ဆုံဆွေးနွေးကြတာလို့ အဖွဲ့ချုပ်ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောပါတယ်။

"ကျနော်တို့ အဓိကဆွေးနွေးတာကတော့ မစ္စတာဂမ်ဘာရီ နောက်ဆုံးလာခဲ့တဲ့အခေါက်က အချက် ၅ ချက်ဆိုတဲ့ကိစ္စတွေ ဆွေးနွေးတယ်၊ ဆွေးနွေးတဲ့အခါမှာ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ အဖွဲ့ချုပ်က ဆွေးနွေးဘို့မရှိတဲ့အကြောင်းပြောကြားခဲ့တယ်၊ နောက် စီးပွားရေးဖိုရမ်၊ အီကော်နောမစ်ဖိုရမ်နဲ့ပတ်သက်ပြီး ကျနော်တို့အဖွဲ့ချုပ်သဘောထားကို မစ္စတာဂမ်ဘာရီကမေးပါတယ်၊ ကျနော်တို့အဖွဲ့ချုပ်အနေနဲ့ အီကော်နောမစ်ဖိုရမ်အတွက် သဘောထားပေးလို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ စီးပွားရေးဆိုင်ရာအချက်အလက်၊ သတင်းအချက်အလက်တွေ ဘာမှမရှိတဲ့အတွက် ကျနော်တို့မပေးနိုင်ဘူးဆိုတာ ပြောခဲ့တယ်၊ အဲဒါကိုလည်း မစ္စတာဂမ်ဘာရီက သဘောတူပါတယ်၊ နောက်တချက်က မစ္စတာဂမ်ဘာရီက မစ္စတာဘန်ကီမွန်း ဗမာပြည်ကိုလာချင်ပါတယ်၊ အဲဒီလိုလာတဲ့နေရာမှာ ပြောင်းလဲရေးကိစ္စ၊ ထင်ထင်ရှားရှားအချက်အလက်ရှိရင် လာမယ်ဆိုတဲ့သဘောရှိပါတယ်၊ ဒါကြောင့် အဖွဲ့ချုပ်အနေနဲ့တောင်းဆိုနေတဲ့ အချက်လေးချက်ထဲက ဘယ်နှစ်ချက်ရရင် သိသာထင်ရှားတဲ့ပြောင်းလဲမှုလို့ သတ်မှတ်လို့ရမလဲလို့ ဆိုတဲ့မေးခွန်း မေးပါတယ်။

"အဖွဲ့ချုပ်အနေနဲ့ကတော့ အချက်လေးချက်ထဲက နံပါတ် ၁ အချက်ဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်ပေးပါ၊ အဲဒီလိုလွှတ်ပေးတယ်ဆိုရင် ဒါဟာ အရေးကြီးတဲ့၊ သိသာထင်ရှားတဲ့ပြောင်းလဲမှုလို့ သတ်မှတ်လို့ရမယ်ဆိုတဲ့အကြောင်း ဖြေကြားခဲ့ပါတယ်"

"နောက်တချက် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မစ္စတာဂမ်ဘာရီကို ပြောကြားခဲ့တာကတော့ လက်ရှိအားဖြင့် မြန်မာနိုင်ငံတရားစီရင်ရေး မှာပြစ်ဒဏ်ပြင်းပြင်းထန်ထန်ချတယ်၊ ရှေ့နေတွေလွှတ်လွှတ်လပ်လပ်လိုက်ခွင့်မရှိဘူး၊ ပိတ်ဆို့ခံရတယ်၊ ဒီလိုအချက်အလက်တွေအားလုံးဖြစ်ပေါ်နေတာဟာ ဒီမှာ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးမရှိလို့ဖြစ်တာ၊ တရားဥပဒေစိုးမိုးရေးရှိရင် ဒါတွေဟာ ဖြစ်စရာမရှိပါဘူးဆိုတဲ့အကြောင်း မစ္စတာဂမ်ဘာရီကိုရှင်းပြခဲ့ပါတယ်"

အဖွဲ့ချုပ်ကတောင်းဆိုတဲ့ တခြားအချက် ၂ ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ရေးကော်မတီဖွဲ့စည်းရေး၊ ပြည်သူ့လွှတ်တော်ခေါ်ယူရေးဖြစ်ပါတယ်။ မစ္စတာ ဂမ်ဘာရီရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ အထူးသံတမန် တာဝန်ယူချိန်ကစပြီး အခုတခေါက်ဟာ ၇ ခေါက် မြောက်မြန်မာနိုင်ငံခရီးစဉ်ဖြစ်ပြီး ၆ ကြိမ်မြောက်လာတုန်း က ဒေါ်အောင်ဆန်းစုကြည်ကလက်ခံတွေ့ဆုံဘို့ ငြင်းဆန်ဘူးပါတယ်။

---

## ဘန်ကီမွန်းထံ ဒေါ်စုအမှာစကားပါး

**DVB ၊ ဖေဖော်ဝါရီ ၂။** ။ နိုင်ငံရေးအကျဉ်းသားအားလုံးမလွှတ်ပေးသရွေ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မြန်မာနိုင်ငံကိုမလာသင့်ဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က မစ္စတာဂမ်ဘာရီကို အမှာစကားပါးလိုက်တယ်လို့ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောကြားပါတယ်။

စစ်အုပ်စုကိုယ်စားလှယ်ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်ကို တွေ့ဆုံရေးမငြင်းပယ် ပေမဲ့ အကျိုးရှိမှုဖြစ်မယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောတယ်လို့ဆိုပါတယ်။

"သူမငြင်းဆန်ဘူး၊ ဒါပေမယ်လို့ တွေ့ဆုံရေးဆိုတာ အကျိုးရှိရမယ်ပေ့ါ၊ good result (ရလဒ်ကောင်း) ရှိရမယ်ပေ့ါ၊ အဲဒီလို result မရှိဘဲနဲ့တွေ့တာမျိုး သူ မယုံကြည်ဘူး၊ အဲဒီလိုပြောပါတယ်။ မစ္စတာဂမ်ဘာရီက အဲန်အဲလ်ဒီရဲ့သဘောထားတွေ အနိမ့်ဆုံးအဆင့်အထိ မေးမြန်းသွားတယ်" လို့ ဦးဉာဏ်ဝင်းက ပြောဆိုသွားပါတယ်။

ဂမ်ဘာရီခရီးစဉ်အတွင်း တိုးတက်မှုမပြသည့်အပြင် နိုင်ငံရေးအကျဉ်းသားများကို ဝေးလံသည့်ထောင်များသို့ ပို့ **စာမျက်နှာ ၂**

၂၀၁၀ ကို ရဲရဲရင်ဆိုင်မလား ၁၉၉၀ ကို ဆက်ပြီးဆုပ်ကိုင်ထားမလား **စာမျက်နှာ ၃**

ဗိုလ်ချုပ်အောင်ဆန်း အကြောင်းမရေးရန် နအဖစစ်အရာရှိများက ပိတ်ပင် **စာမျက်နှာ ၇**

စိတ်ရှည်သည်းခံမှုမရှိသောနေရာတွင် ဒီမိုကရေစီအမြစ်မတွယ်နိုင်ပေ **စာမျက်နှာ ၈**

ဗကသကျောင်းသား ဒိုငြိမ်းလင်းကို ထောင်ဒဏ် ၅ နှစ် ထပ်မံချမှတ် **စာမျက်နှာ ၁၁**

စီးပွားပိတ်ဆို့မှုရပ်ဖို့ နအဖတောင်းဆို **စာမျက်နှာ ၁၂**

အာဘော်

# သိပ်အခြေအနေမကောင်းတဲ့ဂမ်ဘာရီခရီး

မစ္စတာဂမ်ဘာရီတယောက် မြန်မာပြည်သို့ ၇ ကြိမ်မြောက်အဖြစ် ၄ ရက်ကြာသွားရောက်ခဲ့သည်၊ အောင်မြင်သည့်အချက်မှာ ဒေါ်အောင်ဆန်းစုကြည်က လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်သည်။ တနာရီကျော်ကြာတွေ့ဆုံမှုတွင် မစ္စတာဂမ်ဘာရီအား ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ပေးရေး၊ နအဖ၏ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေး၊ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲကို အသိအမှတ်ပြုရေး၊ စစ်အစိုးရနှင့်တွေ့ဆုံဆွေးနွေးရေး စသည့်အချက်လေးချက်ကို ပြောဆိုခဲ့သည်။ ဤသည်က ဒေါ်စုနှင့်အန်အဲလ်ဒီ၏ရပ်တည်ချက်ဖြစ်သည်။

မစ္စတာဂမ်ဘာရီသည် နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တွေ့ဆုံခွင့်ရရန်ကြိုးပမ်းသော်လည်း မအောင်မြင်ပဲ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်တွေ့ဆုံခွင့်ရခဲ့သည်။ နအဖက သူ၏ရပ်တည်ချက်ကိုပြသခဲ့သည်။ အနောက်နိုင်ငံများက ပြစ်ဒဏ်ခတ်အရေးယူမှုများကို ဖယ်ရှားပစ်ရန်တောင်းဆိုခဲ့သည်။ ပြစ်ဒဏ်ခတ်အရေးယူမှုကို ဖယ်ရှားလိုက်လျှင် နိုင်ငံတွင်း တိုးတက်ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်ရေးကို ဖော်ဆောင်နိုင်မည်ဟု ဆိုသည်။ တချိန်တည်းတွင် ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့် နိုင်ငံရေးအကျဉ်းသားများကို ဝေးလံသောထောင်များသို့ ပို့ပစ်သည်။ ဤသည်က ဒီမိုကရေစီ အင်အားစုများကို မြင်သာအောင်ပြသလိုက်သည့်အချက်ဖြစ်သည်။ ဤလုပ်ရပ်များက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်ရေးကို ပေးစွမ်း နိုင်မည်မဟုတ်ပေ။ စစ်အုပ်စုနှင့် ဒီမိုကရေစီအင်အားစုများအကြား ကွာဟမှုများကို ပိုမိုကြီးမားစေရန်လုပ်ဆောင်လိုက်သကဲ့သို့သာဖြစ်သည်။

မစ္စတာဂမ်ဘာရီက နှစ်ဘက်အကြားတွေ့ဆုံမှုများကို အထွေထွေအတွင်းရေးမှူးချုပ်ကို အစီရင်ခံမည်ဖြစ်ရာ အခြေအနေကို အတိအကျသိရန်ခက်ခဲမည်ဖြစ်သည်။ သို့သော်လည်း နှစ်ဘက်အကြားရပ်တည်မှုများကို ကုလသမဂ္ဂက မည်သို့သောနည်းလမ်းများဖြင့် နားလည်သဘောပေါက်သနည်း၊ နှစ်ဘက်အကြားတွေ့ဆုံဆွေးနွေးမှုများဖြစ်ပေါ်ရေးအတွက် မည်သို့သောနည်းလမ်းများသည် အကောင်းဆုံးဖြစ်မည်နည်းဆိုသည်ကို စဉ်းစားတွက်ချက်အကောင်အထည်ဖော်ဖွယ်ရာရှိသည်။ သို့သော်လည်း ၄ ရက်ကြာခရီးပြီးဆုံးသွားခဲ့သော်လည်း ခိုင်ခိုင်မာမာပြသနိုင်သည့် တိုးတက်မှုကို မမြင်ခဲ့ရပေ။

တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်ရန် အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကြိုတင်သတ်မှတ်ချက်များမပြုပဲ ဆွေးနွေးကြရန် တိုက်တွန်းထားသည်။ စစ်အုပ်စုဘက်ကရော ဒီမိုကရေစီအင်အားစုများဘက်ကပါ တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုပြောဆိုနေသော်လည်း လက်တွေ့တွင် ဖြစ်မလာသေးပေ။ ထိုအခြေအနေကို ကုလသမဂ္ဂက မည်ကဲ့သို့ဖြေရှင်းမည်နည်းဆိုသည်မှာ အရေးကြီးသည့်အချက်ဖြစ်သည်။ စစ်အုပ်စု၏တင်းမာသောရပ်တည်ချက်များကို ဖြေရှင်းချက်ရန်မှာ ဖိအားပေးသည့်နည်းရော၊ နားချသည့်နည်းကို ထိရောက်စွာတွဲဘက်သုံးသင့်သည်။

မည်သို့ပင်ဖြစ်စေကာမူ မစ္စတာဂမ်ဘာရီအနေဖြင့် စစ်အုပ်စုကို ပြတ်သားသည့်အမှာစကားများပေးရန်လိုအပ်သလို၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အခြေအနေကို ဖန်တီးနိုင်ရန်လိုအပ်ပေသည်။

# ဂမ်ဘာရီခရီးစဉ်အတွင်းတိုးတက်မှုမပြသည့်အပြင် အကျဉ်းသားများကိုဝေးလံသည့်ထောင်များသို့ ပို့

**VOA ဖေဖော်ဝါရီ ၆ ။** ။ နိုင်ငံရေးအရတိုးတက်ဖြစ်ထွန်းမှုတွေကို ပြသတဲ့အနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးတာမျိုးလိုလုပ်ရပ်တွေကို ပြသဖို့လိုတယ်လို့ အတိုက်အခံနိုင်ငံရေးအသိုင်းအဝိုင်းက ပြောဆိုနေချိန်မှာပဲ နောက်ထပ်ပြစ်ဒဏ်စီရင်တာတွေ၊ စီရင်ခံရပြီးသူတွေကိုလည်း မိသားစုနဲ့ဝေးရာထောင်တွေကို အာဏာပိုင်တွေက ဒီကနေ့အထိ ရွှေ့ပြောင်းနေတုန်းပါပဲ။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကလည်း မနေ့တုန်းကပဲ အစိုးရနဲ့ အတိုက်အခံတွေကြား စေ့စပ်ဆွေးနွေးတာတွေချက်ခြင်းလုပ်ဖို့ တိုက်တွန်းလိုက်ချိန်မှာ အခုလိုလုပ်ဆောင်ချက်တွေကို တွေ့နေရတုန်းပါပဲ၊ ဒါဟာ စစ်အစိုးရဘက်က နိုင်ငံရေးအရ အပြောင်းအလဲတွေလုပ်ဆောင်ရမယ့်အစား သဘောထားတင်းမာမှုကိုပြသတာလို့ အတိုက်အခံတွေက မြင်ပါတယ်။

မစ္စတာဂမ်ဘာရီရောက်လာခိုက် နိုင်ငံရေးတိုးတက်မှုရှိတယ်ဆိုတယ်ဆိုတဲ့လက္ခဏာကိုပြသတဲ့အနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ အထူးကိုယ်စားလှယ်နဲ့တွေ့ခဲ့တဲ့ အတိုက်အခံနိုင်ငံရေးအင်အားစုတွေက တိုက်တွန်းထားတဲ့ကြားက ဒီလိုလုပ်လိုက်တာဟာ ပြုပြင်ပြောင်းလဲရေးအတွက် လုပ်ရမယ့်အစား ဖိနှိပ်မှုတွေကိုသာ တိုးလုပ်နေတာပဲလို့ အန်အဲလ်ဒီပါတီက ပြောလိုက်တာပါ။

ကျနော်တို့အမြင်တော့ အခုချိန်ထိ တင်းမာနေတယ်၊ နိုင်ငံရေးသမား တွေ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ဆက်လက်ဖိနှိပ်နေတယ်လို့ပဲ မြင်ပါတယ်။ နှစ်ရှည်ထောင်ဒဏ်ချတယ်၊ အဝေးထောင်တွေကို ပို့တယ်၊ မိသားစုတွေဆက်သွယ်ရခက်အောင်လို့ ပြစ်ဒဏ်ကို အမျိုးမျိုးပိုပြီးတော့ ထိခိုက်အောင် ပြစ်ဒဏ်တမျိုးကနေ တယောက်ကိုအပြစ်ပေးရင် ကျန်တဲ့သူတွေကို အပြစ်ရသလို ဒုက္ခတွေရောက်အောင်လုပ်နေတဲ့သဘောပဲရှိပါတယ်။ အန်အဲလ်ဒီရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်း ပြောဆိုသွားတာပါ။

ဒီလိုနယ်ထောင်တွေကို ရွှေ့ပြောင်းလိုက်တဲ့နေရာမှာ မိသားစုတွေ အဖို့ လက်လှမ်းမမီနိုင်ဖြစ်ကြရသလို ဒီအထဲက တချို့ဆိုရင်လည်း မိသားစုဝင်တဦးချင်းကိုနယ်တနယ်စီပို့လိုက်တာမျိုးတွေလည်းရှိခဲ့လို့ ပိုလို့ အခက်ကြုံကြရတာပါ။ အခုနောက်ဆုံးပြောင်းရွှေ့လိုက်တဲ့အထဲက ဒေါ်စန်းစန်းတင်၊ ကိုချစ်ကိုလင်း၊ မနီနီတို့ဟာ မိသားစုတစုထဲကဖြစ်ကြပေမဲ့ တကွဲတပြားစီပို့ဆောင်ခံခဲ့ရပါ တယ်၊ အခုဆိုရင် သူတို့မိသားစုဝင်တွေထဲက ၅ ဦးဟာ ထောင်ဒဏ်အပြစ်ပေး ခံနေရပြီး အားလုံးဟာလည်း တနယ်စီရောက်နေပါတယ်။

အဲဒါအပြင် အခုနောက်ဆုံးနယ်ထောင်တွေကို ရွှေ့ပြောင်းခဲ့ခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသား ၁၃ ဦးဟာဆိုရင် ၂၀၀၇ ခုနှစ် ကုန်ဈေးနှုန်းကျဆင်းရေးတောင်းဆိုမှုတွေ၊ သံဃာတော်တွေရဲ့ မေတ္တာပို့ ဆုတောင်းပွဲတွေနောက်ပိုင်း ဖမ်းဆီးခံခဲ့ရတာဖြစ်ပါတယ်။ နောက်ပိုင်းမှာ သူတို့ကို နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်လုပ်တယ်၊ ဆူပူမှုတွေနဲ့ပတ်သက်တယ် စတာတွေအပါအဝင် စွပ်စွဲချက်အများအပြားနဲ့ ထောင်ဒဏ် ၉ နှစ်ကနေ ၁၁ နှစ်အထိ အပြစ်ပေးခံခဲ့ရတာလည်းဖြစ်ပါတယ်။ ဒီအထဲမှာ တချို့ဟာဆိုရင် စွဲချက်တခုတည်းကို ထပ်တလဲလဲ ထပ်ပြီး နှစ်ရှည်ထောင်ဒဏ်ချခံခဲ့ရသူတွေလည်း ပါပါတယ်။

မစ္စတာဂမ်ဘာရီနဲ့တွေ့ဆုံတုန်းမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အန်အဲလ်

စာမျက်နှာ ၁၅ သို့

# ၂၀၁၀ ကို ရဲရဲရင်ဆိုင်မလား ၁၉၉၀ ကို ဆက်ပြီးဆုပ်ကိုင်ထားမလား

**DVB ၊ ဖေဖော်ဝါရီ ၂ ။** ။ မြန်မာ့နိုင်ငံရေး ကြားဝင်ဖျန်ဖြေပေးမယ့် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီဟာ ရန်ကုန်မြို့ကိုရောက်ရှိနေပြီး ၂ ဖက် တာဝန်ရှိသူတွေနဲ့ ဆွေးနွေးဘို့ပြင်ဆင်နေပြီဖြစ်ပါတယ်။

သူဆွေးနွေးမယ့်အကြောင်းအရာတွေထဲမှာ ဘာတွေအသစ်အဆန်းပါလာမလဲဆိုတာ မသိနိုင်သေးပေမဲ့ နိုင်ငံရေးသမားတွေကြားမှာ စိတ်ဝင်စားနေတာကတော့ မစ္စတာဂမ်ဘာရီအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲ တရားမျှတရေးကို ဦးစားပေးပြောမလား၊ ဒါမှမဟုတ် ရွေးကောက်ပွဲမတိုင်မီ မဖြစ်မနေလုပ်ရမယ့် နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေး၊ ဖွဲ့စည်းပုံပြင်ဆင်ရေး၊ တွေ့ဆုံဆွေးနွေးရေးတွေဖြစ်လာအောင် ဦးစားပေးပြောမလားဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာအနိုင်ရထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ ၁၉၉၀ ရွေးကောက်ပွဲကိုအသိအမှတ်မပြုဘဲ ၂၀၁၀ ရွေးကောက်ပွဲအကြောင်းပြောမယ်ဆိုရင် ဂမ်ဘာရီနဲ့တွေ့စရာအကြောင်းမရှိဘူးလို့ဆိုပါတယ်။ ဒါပေမဲ့ ဝါရင့် ရှမ်းခေါင်းဆောင်တဦးဖြစ်သူ ဦးရွှေအုန်းနဲ့ ၈၈ မျိုးဆက်ပြည်ထောင်စုအဖွဲ့မှ ကိုအေးလွင်တို့ကတော့ ၂၀၁၀ ရွေးကောက်ပွဲကိုပျက်အောင် ဖျက်နိုင်စွမ်းမရှိတဲ့ အတွက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှတပါး တခြားရွေးစရာမရှိဘူးလို့ဆိုပါတယ်။

အမျိုးသားညီလာခံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့ စစ်အစိုးရလုပ်သမျှကိုမကြိုက်ပေမဲ့ အဲဒီကိစ္စတွေကို ပျက်အောင်ဖျက်နိုင်စွမ်းမရှိလို့ ရွေးကောက်ပွဲဝင်ဘို့ဖြစ်လာရတာပါလို့ အသက် ၈၇ နှစ်အရွယ် ရှမ်းဝါရင့်ခေါင်းဆောင် ဦးရွှေအုန်းကပြောပါတယ်။ အသက် ၈၇ နှစ်အရွယ်ရှိ ဦးရွှေအုန်းဟာ ၁၉၄၇ ပင်လုံညီလာခံကို သတင်းထောက်တဦးအနေနဲ့တက်ရောက်ခဲ့သူဖြစ်ပြီး အဲဒီကတည်းက နှစ် ၆၀ ကျော် နိုင်ငံရေးလောကထဲ ပါဝင်လာခဲ့သူတဦးလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်မှာ ရှမ်းပြည်အရေးနဲ့ အမျိုးသားညီလာခံအရေးဆွေးနွေးပွဲလုပ်ရင်း ရှမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦးတို့နဲ့အတူဖမ်းဆီးခံခဲ့ရပြီး အကျယ်ချုပ် တနှစ်ကျခံခဲ့ရဘူးပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ သူဟာအဖွဲ့အစည်းတွေနဲ့တိုင်ပင်ညှိနှိုင်းဆောင်ရွက်တာမျိုးထက် တကိုယ်တော်လှုပ်ရှားမှုကိုအားသန်ပြီး သူ့ရဲ့ထင်မြင်ချက်တွေကို စာဖြန့်တာတွေဦးစားပေးလာခဲ့တယ်လို့ သူ့ကိုဝေဖန်သူတွေကပြောပါတယ်။ ဦးရွှေအုန်းနဲ့ရင်းနှီးပြီး ခွန်ထွန်းဦးတို့အဖမ်းခံရတဲ့ ဖေဖော်ဝါရီ ၉ ရက်နေ့ ရှမ်းပြည်အရေးဆွေးနွေးပွဲကိုတက်ခဲ့သူ၊ ယခု ထောင်ဒဏ် ၆၅ နှစ်ကျခံနေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်တို့အဖွဲ့နဲ့ စင်ပြိုင်ဖွဲ့ထားတဲ့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များအဖွဲ့ ပြည်ထောင်စုမြန်မာနိုင်ငံမှ ကိုအေးလွင်ကတော့

“အနှစ်ချုပ်ပြောရရင် ၈၈ ဒီမိုကရေစီရရှိရေးဆိုပြီး လုပ်ကြတဲ့ကိစ္စကမပြီးဘူး၊ မပြီးတဲ့ကိစ္စမှာ အကြောင်းတွေရှာပြီးပြောကြမယ်ဆိုရင် ပြောစရာတွေတော့ရှိတာပေါ့။ သို့သော်လည်း အဲန်အဲလ်ဒီကလည်းပြောတယ်၊ တချို့အုပ်စုတွေကလည်းပြောတယ်၊ ၂၀၀၈ ပွဲက ဘယ်လိုဖြစ်တယ်၊ ၂၀၁၀ ရွေးကောက်ပွဲက ဘယ်လိုဖြစ်တယ်၊ ၉၀ ရွေးကောက်ပွဲက ဘယ်လိုဖြစ်တယ်၊ အဲဒီလိုတွေပြောနေပေမယ့် ဒီမိုကရေစီနိုင်ငံတော်က ဖြစ်လာမှာမှမဟုတ်တာ၊ မဖြစ်လို့လည်း ဘဲသူတို့ပြောနေကြတာကိုး၊ လက်တွေ့မှာ ပြည်သူအများကနေပြီး ကာယ ကံမြောက်ကိုယ်တိုင်ကိုယ်ကျ မိမိဆန္ဒနဲ့ မိမိကိုယ်မိမိကိုယ်စားပြုပြီး အလုပ်လုပ်နိုင်တဲ့နိုင်ငံရေးခွင်မျိုးပေါ့၊ အဲဒါက ဒီရွေးကောက်ပွဲရှိလာမှဖြစ်မှာလေ၊ ရွေးကောက်ပွဲမှာ ကျနော်တို့က နိုင်ငံရေးအရ ကိုယ့်ဆန္ဒနဲ့ကိုယ့်ဘဝကို ကိုယ်ယုံကြည်တဲ့လမ်းကြောင်းပေါ်မှာတက်ပြီးဆောင်ရွက်မှသာလျှင် လုပ်လို့ကိုင်လို့ရတဲ့အခြေအနေတခုက ပေါ်လာမှာကိုး၊ အဲဒီလက်တွေ့ဘဝကို ကျနော်တို့ကပစ်ပယ်ပြီး ဘာမှမျှော်လင့်ချက်မရှိတဲ့ကိစ္စတွေ၊ စိတ်ထဲမှာရှိတာတွေ လျှောက်ပြောနေရုံနဲ့ကတော့ ကျနော်တို့လိုချင်တဲ့ကိစ္စက ဖြစ်လာမှာမဟုတ်ဘူးလေ၊ ကျနော်တို့ယုံကြည်တာကတော့ ကျနော်တို့ရဲ့

စာမျက်နှာ ၆ သို့

# အဲန်အဲလ်ဒီနှင့် စစ်အုပ်စုထိပ်တိုက်တွေ့ မည့်အလားအလာဖြစ်နိုင်

**NEJ ၊ ဖေဖော်ဝါရီ ။ ။** ။ ပြည်သူလူထု၏ဆန္ဒကို အမှန်တကယ်လေးစားပါက ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲကို အသိအမှတ်ပြုရမည်ဟု အဲန်အဲလ်ဒီပြောခွင့်ရ ပုဂ္ဂိုလ်က ပြောသည်။

ပြည်သူလူထုထောက်ခံထားသောဖွဲ့စည်းပုံအခြေခံဥပဒေကို ပျက်ပြားအောင်၊ ထိခိုက်အောင် လုပ်ဆောင်လာမှုမှန်သမျှကို ဆန့်ကျင်ဖယ်ရှားသွားမည်ဟု ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂမ်ဘာရီအား ခပ်တင်းတင်းပြောဆိုခဲ့ခြင်းနှင့်ပတ်သက်ပြီး ခေတ်ပြိုင်က မေးမြန်းရာ ပြည်သူလူထု၏ဆန္ဒကို အမှန်တကယ်လေးစားလျှင် ပြည်သူများတခဲနက်မဲပေးရွေးချယ်ခဲ့သော ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အဘယ်ကြောင့် အသိအမှတ်မပြုသနည်းဟု အဲန်အဲလ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက တုံ့ပြန်ပြောဆိုလိုက်ခြင်းဖြစ်သည်။

အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေကို နအဖစစ်အစိုးရက နာဂစ်ဖြစ်ပြီးစ အချိန် ၂၀၀၈ မေလအတွင်း နိုင်ငံတကာလေ့လာစောင့်ကြည့်သူများကို လက်မခံပဲ ကျင်းပခဲ့ခြင်ဖြစ်ပြီး ၉၂.၄၈ ရာခိုင်နှုန်းကထောက်ခံခဲ့ကြောင်း ကြေညာ ခဲ့သည်၊ သို့သော် အဲန်အဲလ်ဒီက အဆိုပါအခြေခံဥပဒေကို ပြန်သုံးသပ်ပေးရန် စစ်အစိုးရထံတောင်းဆိုထားသည်။

ကျနော်တို့ ပြန်လည်သုံးသပ်ရေးမှုနဲ့ နအဖလုပ်နေတာတွေ နီးစပ်ပါ့မလားဆိုတော့ ရှေ့အလားအလာသုံးသပ်ရမှာခက်ပါတယ်။ အခုပြောသွားတဲ့အထဲမှာကိုက တရားမျှတမှုမရှိတာတွေ အများကြီးပါနေတယ်၊ ပြည်သူ့ဆန္ဒကိုလေးစားတယ်ဆို ပြည်သူတွေရွေးကောက်ထားတဲ့ ၁၉၉၀ ရလဒ်ကို ဘာဖြစ်လို့ အသိအမှတ်မပြုတာလဲ၊ ကျနော်တို့က ဒီလိုပြန်ပြောချက်ပါတယ် ဟု ဦးဉာဏ်ဝင်းက ပြောသည်။

အဲန်အဲလ်ဒီအနေဖြင့် တောင်းဆိုထားချက်များ ရနိုင်မည့်လက္ခဏာမတွေ့ရကြောင်း၊ သို့သော် တိုင်းပြည်နှင့်လူထုအတွက် အဖြစ်နိုင်ဆုံးနှင့် အကောင်းဆုံးကို တောင်းဆိုထားခြင်းကြောင့် ထိုအတိုင်းသာ ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း၊ မရခဲ့လျှင်မည်ကဲ့သို့လုပ်ဆောင်သွားမည်ဆိုသည့်မူဝါဒဆိုင်ရာကိစ္စများကို ထုတ်ဖော်ပြောဆိုနိုင်ခြင်းမရှိသေးကြောင်း ဦးဉာဏ်ဝင်းက ဆက်လက်ပြောဆိုသည်။

အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းက ထိပ်တိုက်တွေ့ရမယ့်သဘောတောင်ဖြစ်နေတယ်ပေါ့၊ အစိုးရကလည်း ဒီဥပဒေကိုကိုင်ပြီး ရွေးကောက်ပွဲလုပ်မယ်၊ ရွေးကောက်ပွဲပျက်အောင်လုပ်တဲ့သူတွေကို အရေးယူသွားမယ်ဆိုတာတွေက ဂမ်ဘာရီမလာခင်ကတည်းက ပြောဆိုလုပ်ကိုင်ပြနေတာပဲ၊ ဖွဲ့စည်းပုံကန့်ကွက်တဲ့သူတွေကို ဖမ်းတာဆီးတာတွေလုပ်ခဲ့တာပဲကိုး၊ တင်းတင်းကျပ်ကျပ်လုပ်နေတာတွေကို တွေ့ရတယ်လေ၊ ၂၀၁၀ ရွေးကောက်ပွဲကို နှောင့်ယှက်တယ်လို့ယူဆရင် အစိုးရကတော့ ဖမ်းဆီးထောင်ချနေမှာပဲ၊ အခုလည်း နှစ်ရှည်ထောင်ဒဏ်တွေ ချနေတာပဲလေ၊ ဆိုတော့အဲဒီအချိန်ကျတော့ အဲန်အဲလ်ဒီဘက်က ၅ သောင်း တသိန်း ဖမ်းချင်ဖမ်းကွာဆိုပြီးတော့ မရှိဘူးလား၊ သူတို့ကန့်ကွက်ပွဲအောင်နိုင်ဖို့ရာက အနည်းဆုံးလူတသောင်း လောက်ထောင်ကျခံရဲတဲ့သူရှိသလား၊ ဒါပဲ၊ အဲဒီအပေါ်မှာ တည်နေတယ်လေ၊ အစိုးရဆိုတာကတော့ သူ့လက်ရှိအာဏာကို လက်မလွှတ်ချင် တာ သဘာဝပဲ၊

စာမျက်နှာ ၆ သို့

# အိန္ဒိယ–မြန်မာနဲ့ ချင်းဒုက္ခသည်ပြဿနာ

ဦးအောင်ခင်

မျက်မှောက်ရေးရာသုံးသပ်ချက်

အိန္ဒိယဒီမိုကရေစီအစိုးရနဲ့ ဗမာစစ်အစိုးရ ပူးပေါင်းဆောင်ရွက်ပြီး နှစ်ဦးနှစ်ဘက်အကျိုးအမြတ်ရအောင်ကြိုးပမ်းလေလေ နှစ်နိုင်ငံအကြားညပ်နေတဲ့ ချင်းတိုင်းရင်းသားတွေ အနေရအထိုင်ရခက်လေဖြစ်နေပြီ၊ ဆယ်နှစ်ကျော်သွား ပါပြီ၊ ဗမာစစ်အစိုးရနဲ့ ရွှေလမ်းငွေလမ်းဖောက်ဘို့ကြိုးပမ်းနေတဲ့ အိန္ဒိယအစိုးရ ဟာ မိမိတိုင်းပြည်မှာခိုလှုံတဲ့ချင်းဒုက္ခသည်တွေကိုလျစ်လျူရှုနေပုံ အမေရိကန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကထုတ်ပြန်တဲ့ ဂျန်နဝါရီလ အစီရင်ခံစာမှာ ဖော်ပြထားတယ်။ နယူးဒေလီ၊ မီဇိုရမ်၊ မဏိပူ၊ မလေးရှားနဲ့ ထိုင်းနိုင်ငံတွေမှာရောက်ရှိနေတဲ့ချင်းဒုက္ခသည်တွေကို အကြိမ် ၁၄၀ လောက်တွေ့ဆုံမေးမြန်းပြီး ရေးသားထားတဲ့အစီရင်ခံစာဖြစ်တယ်။ စာမျက်နှာ ၉၃ မျက်နှာရှိတယ်။

ဗမာစစ်တပ်နဲ့ ဗမာစစ်အစိုးရရဲ့ အတင်းအဓမ္မစေခိုင်းမှု၊ ဆက်ကြေးကောက်ခံမှု၊ မတရားလုပ်မှု၊ ဖိနှိပ်ညှဉ်းပန်းနှိပ်စက်မှု စတဲ့ လူ့အခွင့်အရေးချိုးဖျက်မှုကိုရှောင်ရှားတဲ့အနေနဲ့ ချင်းတိုင်းရင်းသားတွေထွက်ပြေးပြီး အိန္ဒိယမှာခိုလှုံနေကြတာ အတော်ကြာနေပါပြီ။ နယ်ချင်းဆက်စပ်တာကတကြောင်း၊ မျိုးနွယ်ချင်းနီးစပ်တာကတကြောင်း စတာတွေကြောင့် အိန္ဒိယအရှေ့ဘက်ပြည်နယ် မီဇိုရမ်ပြည်နယ်မှာခိုလှုံကြတာများတယ်။ ဒါပေမဲ့ မိမိကိုယ်မိမိ "ဇို" လို့ခေါ် တဲ့ ချင်းလူမျိုးဒုက္ခသည်တွေကို မီဇိုရမ်ပြည်နယ်က ကောင်းကောင်းမွန်မွန်လက်ခံကြိုဆိုတာမဟုတ်ဘူးလို့ ဖော်ပြထားတယ်။

၁၉၇၀ ပြည့်လွန်ကာလမှာ မီဇိုလက်နက်ကိုင်တွေ လွတ်မြောက်ရေးတိုက်ပွဲဝင်နေတုန်းကတော့ မျိုးနွယ်တူတဲ့ချင်းတွေဟာ မီဇိုလူ့အဖွဲ့အစည်းမှာ အလွယ်တကူဝင်ဆံ့တယ်။ မီဇိုအမျိုးသားတပ်ဦးက အနှစ် ၂၀ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲနေချိန်မှာ ချင်းပြည်နယ်မှာလာရောက်ခိုလှုံကြတဲ့ မီဇိုသူပုန်တွေရှိခဲ့တယ်။ ၁၉၈၆ မှာ အိန္ဒိယအစိုးရနဲ့စေ့စပ်ဆွေးနွေးပြီး ပြည်နယ်အဆင့်ယူဘို့သဘောတူတဲ့အခါ လက်နက်တိုက်ပွဲလည်း နိဂုံးချုပ်သွားတယ်။ ၁၉၈၇ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ မီဇိုရမ်ပြည်နယ် စတင်တည်ရှိလာတယ်။ အဲဒီနောက် ချင်းလူမျိုးအပေါ်ထားတဲ့သဘောထား ပြောင်းလဲသွားပုံရတယ်။

၁၉၈၈ ပြည်သူ့အရေးတော်ပုံဖြိုခွဲခံလိုက်ရတဲ့နောက်ပိုင်းမှာ ချင်းပြည်နယ်မှာ အစိုးရတပ်က ဖိနှိပ်ညှဉ်းပန်းမှု၊ အဓမ္မစေခိုင်းမှု၊ လက်နက်ကိုင်တွေက ဆက်ကြေးကောက်ခံမှု စတာတွေကြောင့် မီဇိုရမ်ပြည်နယ်မှာခိုလှုံတဲ့ချင်းတွေ များလာတယ်တဲ့။ လောလောဆယ် မီဇိုရမ်မှာ ချင်းဦးရေဘယ်လောက်ရှိတယ်ဆိုတာ မပြောနိုင်ပါဘူး။ ချင်းအကြီးအကဲတွေနဲ့ မီဇိုရမ်မှာအနေကြာသူတွေကတော့ ၇၅,၀၀၀ က ၁၀၀,၀၀၀ လောက်ရှိမယ်လို့ ခန့်မှန်းကြပါတယ်တဲ့။

၈၈ အရေးတော်ပုံဖြိုခွဲခံရလို့ ဝင်ရောက်ခိုလှုံလာကြတဲ့မြန်မာပြည်သူပြည်သားတွေကို လက်ခံကြိုဆိုနိုင်အောင် နယ်စပ်ဒေသမှာ ဒုက္ခသည်စခန်းတွေဖွင့်ပေးပြီး ရိက္ခာဆေးဝါးထောက်ပံ့တယ်။ ဗမာစစ်အစိုးရကိုလည်း ဝေဖန်ရှုတ်ချတယ်။ ဒါပေမဲ့ ၁၉၉၂ မှာ ဗမာစစ်အစိုးရနဲ့ပူးပေါင်းဆောင်ရွက်ဘို့ စတင်ဆွေးနွေးပြီး နယ်စပ်သူပုန်ပူးတွဲနှိမ်နင်းရေးသဘောတူချက်ကို ၁၉၉၄ ဂျန်နဝါရီမှာ လက်မှတ်ထိုးကြတယ်။ အိန္ဒိယ–မြန်မာနယ်စပ်ကတိုင်းရင်းသားသူပုန်တွေကို အိန္ဒိယနဲ့ဗမာစစ်အစိုးရက ပူးတွဲစစ်ဆင်ရေးလုပ်တာပါပဲ။ ချင်းအမျိုးသားတပ်ဦးကအဖွဲ့ဝင်တွေလည်း အဖမ်းခံကြရတယ်။

ဗမာစစ်အစိုးရနဲ့လက်တွဲလုပ်ကိုင်မှု အရှိန်ရလာလေလေ အိန္ဒိယအစိုးရဟာ မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံအားပေးဘို့ ဝေးလေလေဖြစ်လာတယ်။ မိမိနိုင်ငံမှာဝင်ရောက်ခိုလှုံသူကို လူသားချင်းစာနာထောက်ထားပြီး ကူညီရမှာပါလားဆိုတာမျိုးကိုတောင် အိန္ဒိယအစိုးရက စဉ်းစားပုံမရတော့ပါ ဘူး။ ဗမာစစ်အစိုးရနဲ့အဆင်ပြေရေးဟာ အိန္ဒိယအစိုးရဦးစားပေးတဲ့လမ်းစဉ်ဖြစ်လာတယ်။ မီဇိုရမ်ပြည်နယ်အာဏာပိုင်တွေက ချင်းတိုင်းရင်းသားတွေကို ထင်သလိုဖမ်းဆီးပြီး အတင်းအဓမ္မ မြန်မာဘက်ပြန်ပို့နေတာကိုလည်း အိန္ဒိယဗဟိုအစိုးရက လျစ်လျူရှုနေပါတယ်။

အိန္ဒိယဒီမိုကရေစီနိုင်ငံတော်လက်အောက်က မီဇိုရမ်ပြည်နယ်မှာ ချင်းဒုက္ခသည်တွေ အနိုင်ကျင့်ခံနေကြရပါတယ်တဲ့။ ဝင်လာတဲ့ချင်းလူမျိုးတွေကို ဖမ်းဆီးထိန်းသိမ်းပြီးပြန်ပို့ဘို့ ပြည်နယ်အစိုးရကအမိန့်ထုတ်တာရှိသလို မီဇိုလူငယ်အသင်းလို အရပ်သားအဖွဲ့ကဖမ်းဆီးပြီး အတင်းအဓမ္မပြန်ပို့တာလည်းရှိပါ တယ်။ ပြည်နယ်လူဦးရေတဝက်နီးပါးဟာ မီဇိုလူငယ်အသင်းဝင်တွေဖြစ်နေကြ ပြီး အသင်းခွဲ ၇၅၀ လောက်ရှိပါတယ်။ နိုင်ငံခြားသားဆန့်ကျင်ရေးလှုပ်ရှားမှု ကို မီဇိုလူငယ်အသင်းက စည်းရုံးလှုံ့ဆော်ပါတယ်။ ၂၀၀၃ ခုနှစ်မှာ ချင်းဒုက္ခသည်တသောင်းကို ဒီအသင်းကပဲ အတင်းအဓမ္မပြန်ပို့ခဲ့ပါတယ်။

မီဇိုရမ်ရောက်ချင်းတွေအနိုင်ကျင့်ခံနေရတာကိုဟန့်တားဘို့ အိန္ဒိယအစိုးရမှာတာဝန်ရှိပေမယ့် လျစ်လျူရှုတာများတယ်လို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကဆိုပါတယ်။ နယ်စပ်ကဒုက္ခသည်စခန်းတွေကိုလည်း ပိတ်ပစ်ပါတယ်။ ချင်းတိုင်းရင်းသားတွေ ၂၀၀၃ မှာတည်ထောင်ထားတဲ့ နယ်စပ်ဒုက္ခသည်စခန်းတွေကိုလည်း အိန္ဒိယအစိုးရကအသိအမှတ်မပြုပါဘူး။ အိန္ဒိယဟာ ၁၉၅၁ ဒုက္ခသည်ရေးရာဥပဒေကို အခုထက်ထိလက်မှတ်မထိုးသေးပါဘူး။

အိန္ဒိယအစိုးရဟာ ဒုက္ခသည်မှန်သမျှကို နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေနဲ့ အရေးယူပါတယ်။ ဒီဥပဒေအရ စာရွက်စာတမ်းမပါဘဲဝင်လာသူကိုဖမ်းဆီးပြီး လာရာအရပ်ကိုပြန်ပို့နိုင်ပါတယ်။ ဒါပေမဲ့ အိန္ဒိယအစိုးရဟာ လူ့အခွင့်အရေးဆိုင်ရာစာချုပ် ၃ ခုကို လက်မှတ်ထိုးထားတဲ့အတွက် မီဇိုရမ်မှာခိုလှုံတဲ့ချင်းတွေကိုကူညီစောင့်ရှောက်ဘို့ အပြည်ပြည်ဆိုင်ရာဥပဒေအရ တာဝန်ရှိတယ်လို့ဆိုပါတယ်။ ခိုလှုံသူကို နှင်ထုတ်ပိုင်ခွင့်မရှိပါဘူး။ အန္တရာယ်ရှိလို့ အိန္ဒိယမှာခိုလှုံတဲ့ဒုက္ခသည်ကို အန္တရာယ်ရှိရာအရပ်ကိုပြန်မပို့ရဘူးလို့ နှိပ်စက်ညှဉ်းပန်းမှုဆန့်ကျင်ရေးစာချုပ် အပိုဒ် ၃ ကဆိုပါတယ်။ ဒုက္ခသည်ကို မြန်မာပြည်ပြန်ပို့တာဟာ အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖျက်ရာရောက်ပါတယ်။

အိန္ဒိယအစိုးရဟာ နယူးဒေလီမြို့တော်မှာပဲ UNHCR ကုလသမဂ္ဂဒုက္ခသည်ရေးရာမဟာမင်းကြီးရုံးကိုဖွင့်ခွင့်ပေးထားပြီး ဒုက္ခသည်ဦးရေများတဲ့ အရှေ့မြောက်ပိုင်းပြည်နယ်တွေမှာတော့ ဖွင့်ခွင့်မပေးပါဘူး။ ဒါကြောင့် မီဇိုရမ်ကချင်းတိုင်းရင်းသားတွေဟာ ငွေကုန်ကြေးကျခံပြီး နယူးဒေလီအထိသွားနိုင်မှသာ ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံရမယ့်အခွင့်အလမ်းရှိပါတယ်။ ၂၀၀၇ ခုနှစ်စာရင်းအရဆိုရင် နယူးဒေလီမှာ ချင်းတိုင်းရင်းသားဦးရေ ၁၈၀၀ ပဲရှိပါတယ်။ ဒီအထဲမှာ ၁၀၀၀ ကသာ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရပါတယ်။ ဒုက္ခသည်ဘဝမှာ နှစ်အတော်ကြာစောင့်ပြီးရင် အခြားတနိုင်ငံမှာအခြေချခွင့်ရသွားကြပါတယ်။ အိန္ဒိယမှာခိုလှုံတဲ့ချင်းဦးရေရဲ့ ၂ ရာခိုင်နှုန်းသာ နယူးဒေလီကိုရောက်ပါတယ်။

အိန္ဒိယဒီမိုကရေစီအစိုးရဟာ ဒုက္ခသည်ကိစ္စမှာ အပြည်ပြည်ဆိုင်ရာဥပဒေကို မလိုက်နာနိုင်ဘဲဖြစ်နေပါတယ်။ ဒါကြောင့် မီဇိုရမ်–မြန်မာနယ်စပ်မှာ ကုလသမဂ္ဂဒုက္ခသည်ရေးရာရုံးဖွင့်ပေးဘို့၊ မီဇိုရမ်ကိုရောက်နေတဲ့ချင်းတိုင်းရင်းသားတွေကို ထင်သလိုဖမ်းဆီးပြီး အတင်းအဓမ္မနှင်ထုတ်တာမျိုးမလုပ်ဘို့နဲ့ မီဇိုရမ်ရောက်ချင်းတွေကို တရားသဖြင့်အလုပ်လုပ်ခွင့်ပေးဘို့ အမေရိကန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က အိန္ဒိယအစိုးရကိုတိုက်တွန်းထားပါတယ်။

# ဗိုလ်ချုပ်အောင်ဆန်းအကြောင်းမရေးရန် နအဖစစ်အရာရှိများက ပိတ်ပင်

**NEJ । ဖေဖော်ဝါရီ ၇ ။** ။ မစ္စတာဂမ်ဘာရီ၏ခရီးစဉ်အပြီးတွင် နအဖပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စာပေစိစစ်ရေးရုံးတွင်အစည်းအဝေးတရပ်ကျင်းပကာ နိုင်ငံရေးစာပေများအပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့်စပ်လျဉ်းသောစာအုပ်များကိုပါ ထုတ်ဝေခွင့်မပေးရန် တားမြစ်ခဲ့ကြောင်း စာပေစိစစ်ရေးရုံးနှင့် နီးစပ်သူတဦးက ပြောသည်။

အဆိုပါကိစ္စကိုမှန်ကန်ကြောင်း ဖေဖော်ဝါရီ ၅ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းဘဝနှင့် ခေတ်ပုံမှတ်တမ်းစာမူထုတ်ဝေခွင့်ပြုရန် စာပေစိစစ်ရေးရုံးက ပယ်ချခြင်းခံခဲ့ရသူ စာရေးဆရာ ဦးသန်းဝင်းလှိုင်က အတည်ပြုပြောဆိုသည်။

တက္ကသိုလ်စိန်တင်ရေးတဲ့ ရဲဘောသုံးကျိပ်မော်ကွန်းဆိုတဲ့စာမူရယ်၊ ကျနော်ရေးတဲ့ ဗိုလ်ချုပ်အောင်ဆန်းဘဝနှင့် ခေတ်ပုံမှတ်တမ်းစာအုပ်ရယ်၊ အဲဒီနှစ်အုပ်စလုံးကို ရွေးကောက်ပွဲပြီးမှ ပြန်လည်စဉ်းစားထုတ်ဝေခွင့်ပြုမယ်ဆိုတဲ့မှတ်ချက်နဲ့ အပယ်ခံလိုက်ရတယ်၊ နောက် ဆရာဒဂုန်တာရာရဲ့ ရုပ်ပုံလွှာ၊ ဆရာမောင်ထင်ရဲ့ ဗမာ့နိုင်ငံရေးသုခမိန်၊ ဦးနုရဲ့ ရက်စက်ပါပေ့ကွယ်၊ နောက်တက္ကသိုလ်စိန်တင်ရေးတဲ့ အိုးဝေဦးညိုမြအကြောင်း အဲဒါတွေလည်း အပိတ်ခံရတယ် ဟု ဦးသန်းဝင်းလှိုင် က ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်စပ်လျဉ်းသောစာမူများအပိတ်ခံရမှုနှင့်ပတ်သက်ကာ စာရေးဆရာဦးသန်းဝင်းလှိုင်က စာပေစိစစ်ရေးညွှန်ကြားရေးမှူး ဗိုလ်မှူးတင့်ဆွေထံ စာတစောင်တင်ထားကြောင်း ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းဟာ အမျိုးသားအားလုံးရဲ့ခေါင်းဆောင်ဖြစ်တယ်၊ အခုလိုလုပ်လိုက်တာဟာ ဗိုလ်ချုပ်ဆောင်ဆန်းရဲ့ဂုဏ်ကိုရော၊ ဗိုလ်ချုပ်အောင်ဆန်းကိုရော၊ ပြည်သူတရပ်လုံးလေးစားကြည်ညိုတဲ့ခေါင်းဆောင်တယောက်ကို အခုလိုလုပ်လိုက်တာဟာ ပြည်သူကိုလည်း စော်ကားရာရောက်တယ်၊ ဒီဟာ ကိုပြန်ပြီးသုံးသပ်ပေးပါဆိုပြီး တင်ခဲ့တယ်၊ ဆောင်ရွက်တာ မဆောင်ရွက်တာ သူတို့အပိုင်းပေ့ါ၊ ကျနော်ကတော့ မှတ်တမ်းပေ့ါ ဟု ဦးသန်းဝင်းလှိုင်ကပြောသည်။

နအဖယစာပေစိစစ်ရေးမူဘောင်သည် ယခုနှစ်တွင် ပိုကျဉ်းလာသည်ဟု ပြည်တွင်းစာနယ်ဇင်းဆရာများက ဆိုသည်။ စာရေးဆရာများအနေဖြင့် မိမိရေးသားသောစာမူ ထုတ်ဝေခွင့်အပြုမခံရတော့ပါက ထုတ်ဝေသူထံမှယူထားသောစာမူခံကို ပြန်လည်ပေးဆပ်ရသည့်အခက်အခဲများ၊ ထုတ်ဝေသူအနေဖြင့်လည်း ကွန်ပြူတာစာစီ စာရိုက်ခ၊ စာရွက်စာတမ်းခ၊ စိစစ်ရေးရုံးသို့ လာဘ်ငွေထိုးရငွေများဆုံးရှုံးရသည့်အခက်အခဲများကို ပိုမိုကြုံတွေ့လာရသည်။

ပြောတော့ ခေတ်မီတိုးတက်တဲ့ဒီမိုကရေစီနိုင်ငံတော်၊ လုပ်နေတာတွေက အာဏာရှင်ပုံစံပဲ၊ အဲတော့ သူတို့လုပ်နေတာတွေကို ကျနော်တို့က ဘယ်လိုလုပ်ယုံကြည်မလဲ၊ နောက်တခုက တခါလာလည်း ဗိုလ်ချုပ်ကိုလာလာထိခိုက်နေတာ၊ ဗိုလ်ချုပ်ကို အမှီပြုပြီးတော့လည်း ဘယ်သူမှ ဘာမှလုပ်နေတာလဲမဟုတ်ဘူး၊ ဘယ်သူမှလည်း အုံကြွနေတာမဟုတ်ဘူး၊ လူငယ်တွေဟာကိုယ့်အမျိုးသားခေါင်းဆောင်မို့လို့အားပေးတယ်၊ ဖတ်ကြတယ်၊ တချို့ကြတော့မသိဘူး၊ မသိတဲ့လူငယ်တွေသိလာအောင် ကျနော်တို့ကရေးတာပဲ ဟုဦးသန်းဝင်းလှိုင်ကပြောသည်။

သူတို့မြင်သောဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း၏လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ မြန်မာ့နိုင်ငံရေးအဘိဓာန်၊ အနှစ်ချုပ်မြန်မာသမိုင်း အဘိဓာန်၊ ဒေါက်တာဘမော်၏နိုင်ငံရေးဆောင်ရွက်ချက် စသည့်စာမူများကိုလည်း စိစစ်ရေးတင်ထားကြောင်း ခွင့်ပြုမည် မပြုမီကို မသိရှိရသေးကြောင်း သူက ဆက်လက်ပြောဆိုသည်။

အာဏာရှင်ဗိုလ်ချုပ်နေဝင်းအစိုးရနှင့်အတူ ပေါက်ဖွားလာသောစာပေစိစစ်ရေးသည် နအဖလက်ထက် ရွေးကောက်ပွဲအတွက် ပြင်ဆင်နေချိန် ယခုနှစ်တွင် ပိုမိုတင်းကြပ်မှုများရှိလာမည်ဟု ဝါရင့်သတင်းစာဆရာကြီးများက နှစ်ဆန်းပိုင်းကပင် သုံးသပ်ထားခဲ့ကြသည်၊ သို့ရာတွင် ယခုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်စပ်လျဉ်းသောစာပေများကို ပိတ်ပင်လိမ့်မည်ဟု မထင်မှတ်ခဲ့ကြောင်း ဝါရင့်သတင်းစာဆရာကြီးတဦးက ပြောသည်။

---

# စစ်အစိုးရနှင့် ဒီမိုကရေစီအင်အားစု အမြန်ဆုံးတွေ့ ဆုံဆွေးနွေးရန်

**DVB । ဖေဖော်ဝါရီ ၆ ။** ။ မြန်မာစစ်အုပ်စုနဲ့ ဒီမိုကရေစီအင်အားစုတွေကြားမှာ ကြိုတင်သတ်မှတ်ချက်တွေမထားတဲ့ အကျိုးဖြစ်ထွန်းမယ့်တွေ့ဆုံ ဆွေးနွေးမှုတွေ မြန်မြန်စတင်ကြဖို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တောင်းဆိုတိုက်တွန်းလိုက်ပါတယ်။

အိန္ဒိယနိုင်ငံကိုရောက်နေတဲ့ ဘန်ကီမွန်းက မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးအရာရှိ မစ္စတာဂမ်ဘာရီနဲ့ တွေ့ဆုံအပြီးမှာ ဒီလိုတိုက်တွန်းလိုက်တာပါ။ ဘန်ကီမွန်းရဲ့တိုက်တွန်းချက်ကို သူ့ရဲ့ပြန်ကြားရေးအရာရှိ မစ်ရှဲမွန်းတာ့စ်က နယူးယောက်မှာ ဖတ်ကြားပြရာမှာ ဘန်ကီမွန်းက အဓိပ္ပာယ်ပြည့်ဝတဲ့တွေ့ဆုံဆွေးနွေးမှုတွေ မြန်မြန်စတင်ဖို့ စစ်အစိုးရကိုရော၊ အတိုက်အခံအဖွဲ့အစည်းတွေကိုပါ တိုက်တွန်းတောင်းဆိုတယ် လို့ ပါရှိပါတယ်။

မြန်မာနိုင်ငံကို ဇန်နဝါရီ ၃၁ ရက်နေ့ ဖေဖော်ဝါရီ ၃ ရက်အထိ သွားရောက်ခဲ့တဲ့ အထူးကိုယ်စားလှယ်ဂမ်ဘာရီက သူ့ခရီးစဉ်အခြေအနေကို ဘန်ကီမွန်းကိုတင်ပြရာမှာ စစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည် တို့နဲ့သာမက တခြားပုဂ္ဂိုလ်တွေနဲ့လည်း တွေ့ဆုံဆွေးနွေးနိုင်ခဲ့တယ်လို့ ပြောကြားတယ်လို့ သိရပါတယ်။

---

# ဟောလီဝုဒ်မင်းသမီး ဒုက္ခသည်စခန်းသွားရောက်

**VOA । ဖေဖော်ဝါရီ ၅ ။** ။ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး အိန်ဂျယ်လီကာဂျိုလီနဲ့ ခင်ပွန်းသည် ဘရက်ဒ်ပစ် တို့ဟာ ကရင်နီဒုက္ခသည်သို့သွားရောက်ခဲ့ပြီး ထိုင်းအစိုးရအနေနဲ့ ဒုက္ခသည်တွေကို စခန်းထဲမှာ ထိန်းချုပ်ကန့်သတ်မယ့်အစား ပိုမိုလွတ်လပ်စွာသွားလာခွင့်ပြုဖို့ တောင်းဆိုလိုက်ပါတယ်။

အဲဒီလိုသွားရောက်စဉ်အတွင်းမှာ အထောက်အကူပစ္စည်းလိုအပ်မှုရှိသလား၊ လိုအပ်မယ်ဆိုရင် ကျမကိုပြောပါ တတ်နိုင်သလောက် ကူညီပေးမယ်လို့ ပြောတယ်ဆိုတာကို သိရပါတယ်။ မသန်မစွမ်းကလေးတွေအတွက် အများကြီးအထောက်အကူဖြစ်မှာပဲလို့ပြောပါတယ်။

မင်းသမီးအိန်ဂျယ်လီကာဂျိုလီနဲ့အတူ ထိုင်းအာဏာပိုင်တချို့နဲ့ ကုလသမဂ္ဂဒုက္ခသည်မဟာမင်းကြီးရုံးက ကိုယ်စားလှယ်တွေလည်း ပါလာတယ်လို့ ဆိုပါတယ်။ ဒုက္ခသည်စခန်းထဲမှာ လူ တသောင်းကျော်ရှိနေပြီး အခုလိုလာရောက်တာဟာ ဒုက္ခသည်တွေကို စိတ်ဓာတ်ရေးရာအရ အားပေးရာရောက်တယ်လို့ သိရပါတယ်။

ဒုက္ခသည်စခန်းထဲမှာ အသက် ၂၀ နှစ်အရွယ်မိန်းကလေးဟာ စခန်းထဲမှာမွေးပြီး စခန်းထဲမှာပဲ ကြီးပြင်းလာရတယ်ဆိုတာကို သိလိုက်ရတဲ့အတွက် စိတ်မကောင်းဖြစ်မိတယ်ဆိုတဲ့အကြောင်း အိန်ဂျယ်လီကာဂျိုလီပြောဆိုတာကို ကုလသမဂ္ဂက ထုတ်ပြန်တဲ့ကြေညာချက်မှာ ကိုးကားဖော်ပြထားပါတယ်။

ထိုင်းနိုင်ငံတွင်းက ဒုက္ခသည်စခန်းတွေမှာ မြန်မာနိုင်ငံကို ပြန်ခွင့်မရတဲ့အတွက် ထိုင်းအစိုးရအနေနဲ့ ပိုမိုလွတ်လပ်ခွင့်နဲ့ ပညာသင်ကြားခွင့်တွေကို ပေးဖို့ အန္တရာယ်ရှိနေသမျှကာလပတ်လုံး ထိုင်းအစိုးရအနေနဲ့ အတင်းအကျပ်ပြန်မပို့ဖို့တွေကိုလည်း အိန်ဂျယ်လီကာဂျိုလီက တောင်းဆိုခဲ့ပါတဲ့အကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။

# ပိတ်ဆို့မှုရပ်ရေး နအဖ၏တောင်းဆိုချက်ကို ဒီမိုကရေစီအင်အားစုများကတုံ့ပြန်

**DVB ၊ ဖေဖော်ဝါရီ ၅ ။** ။စီးပွားရေးပိတ်ဆို့မှုကို ပြန်ဖွင့်ပေးပါလို့ စစ်အုပ်စုရဲ့ တောင်းဆိုချက်ဟာ အကြောင်းပြချက် သက်သက်ပဲလို့ မြန်မာ့ဒီမိုကရေစီအင်အားစုတချို့က ပြောပါတယ်။

ဒီမိုကရေစီအင်အားစုတွေရဲ့ တောင်းဆိုမှုတွေကို လိုက်လျောစေလိုရင် စီးပွားရေးပိတ်ဆို့မှုကို ပြန်ဖွင့်ပေးဖို့ စစ်အုပ်စုက ပြန်လည်တောင်းဆိုတာဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို မလုပ်လိုဘဲ ၂၀၁၀ ရွေးကောက်ပွဲကိုသာ ဦးတည်ဖို့ပဲလို့ ပြောကြပါတယ်။ နိုင်ငံရေးအကျဉ်းသားလွှတ်ရေးအပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားပါတီတွေက ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကတဆင့် တောင်းဆိုချက်အားလုံးကို နအဖစစ်အစိုးရက ပယ်ချခဲ့တာပါ။

"မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ဖို့ နအဖ အာဏာပိုင်များက ဆန္ဒမရှိဘူးဆိုတာကို တနည်းတဖုံ ပြသလိုက်တယ်လို့ ကျနော့်အနေနဲ့မြင်ပါတယ်" လို့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP အတွင်းရေးမှူးဦးအေးသာအောင်က ပြောကြားပါတယ်။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (အေအေပီပီဘီ) အတွင်းရေးမှူးဦးတိတ်နိုင်ကလည်း "ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှု၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအဆင့်ကို လှမ်းဖို့အတွက် ပထမဦးဆုံးလုပ်ပေးရမှာက နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးရမှာဖြစ်ပါတယ်" လို့ ပြောပါတယ်။

ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု သုတေသနနှင့်မှတ်တမ်းတင်ဌာနတာဝန်ခံဦးဌေးအောင်က..."ဒီအခြေခံအဆင့်လေးကိုတောင်မှပဲ မလိုက်လျောပဲနဲ့ တင်းတင်းမာမာ ငြင်းဆိုပြလိုက်တာဟာ စစ်အုပ်စုမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လုပ်ချင်တဲ့ စိတ်ဆန္ဒမရှိလို့" ပဲလို့ ပြောပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးလိုက်ရင် စစ်အုပ်စုကစီမံနေတဲ့ရွေးကောက်ပွဲပျက်စီးသွားမယ်လို့ စိုးရိမ်တာလည်းဖြစ်နိုင်တယ်လို့ ဦးဌေးအောင်က သုံးသပ်ပါတယ်။ စစ်အုပ်စုဘက်ကသာ အရင်ဆုံးနိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးရမှာပါလို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB နိုင်ငံခြားရေးရာကော်မတီဝင် ဦးညိုအုန်းမြင့်က ပြောပါတယ်။

"ဒီစီးပွားရေးပိတ်ဆို့မှုဆိုတာ နအဖရဲ့လူ့အခွင့်အရေးချိုးဖောက်မှုအပေါ်မှာ ပေါ်ပေါက်လာတဲ့ကိစ္စဖြစ်ပါတယ်၊ အဲဒီအတွက်ကြောင့် နအဖအနေနဲ့ စစချင်းဖမ်းဆီးထားတဲ့နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့လိုအပ်ပါလိမ့်မယ်။" CRPP အတွင်းရေးမှူး ဦးအေးသာအောင်ကလည်း "မြန်မာနိုင်ငံရဲ့ပြဿနာကို ဖြေရှင်းပေးဖို့ဆိုတာ ပြည်တွင်းမှာရှိတဲ့ အင်အားစုတွေရဲ့ ဆွေးနွေးဖို့လိုပါတယ်" လို့ပြောပါတယ်။ "Sanction (ပိတ်ဆို့ဒဏ်ခတ်မှု) ဆိုတာက ပြည်ပနိုင်ငံတွေက မြန်မာနိုင်ငံအပေါ်မှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးစံနှုန်းတွေနဲ့ သူတို့ဆောင်ရွက်သွားတဲ့ကိစ္စတွေသာဖြစ်ပါတယ်။"

စစ်အုပ်စုဟာ စီးပွားရေးပိတ်ဆို့မှုနဲ့ပတ်သက်လို့ အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်ကို တရားခံဖြစ်အောင် ဖန်တီးနေတာပဲလို့ ဦးဌေးအောင်က သုံးသပ်ပါတယ်။

"စီးပွားရေးဒဏ်ခတ်ပိတ်ဆို့ဖို့ တောင်းဆိုခဲ့တာမျိုး သူတို့ပါတီအနေနဲ့ရော၊ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ရော ရှိခဲ့တာမျိုးမရှိဘူး။ အဲဒီအနေထားမျိုးပေါ်မှာ စစ်အုပ်စုက တိတိကျကျ ဘာကိုလိုက်လျောမယ်ဆိုတဲ့အချက်ကို ထင်ထင်ရှားရှားမပြဘဲနဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ အပြစ်ပုံချဖို့ကြိုးစားတာရယ်၊ နောက်တခုက ဒေါ်အောင်ဆန်းစုကြည်တို့မလုပ်ထားတာကို လုပ်ထားပါတယ်လို့ အတင်းဝန်ခံခိုင်းတဲ့သဘောတွေသက်ရောက်နေတာတွေ့ရပါတယ်"

စစ်အုပ်စုဟာ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း ၂၀၁၀ ရွေးကောက်ပွဲကို ဦးတည်သွားဖို့ လုပ်နေတာလို့ ဝေဖန်နေကြပါတယ်။ ပြည်ပရောက် ဒီမိုကရေစီအင်အားစုတွေဖြစ်တဲ့ အန်ဒီဒီ၊ အန်စီယူဘီနဲ့ အေအေပီပီဘီတို့က စစ်အုပ်စုကို နိုင်ငံတကာက ပိုပြီးဖိအားပေးအောင် လုပ်ဆောင်သွားမယ်လို့ပြောပါတယ်။ CRPP အတွင်းရေးမှူးဦးအေးသာအောင်က "ကိုယ့်ပြည်တွင်းမှာရှိတဲ့ လုပ်စရာရှိတာတွေ အရင်စလုပ်ဖို့လိုလိမ့်မယ်" လို့ ပြောကြားပါတယ်။ "ပြည်တွင်းမှာရှိတဲ့အင်အားစုတွေနဲ့ ဆွေးနွေးလာအောင် အကျဉ်းသားတွေကို လွှတ်ပေးလာအောင်၊ နိုင်ငံရေးပါတီများရယ် ပြည်သူတွေပါ ပေါင်းပြီးတော့ ဆက်လက်ပြီးတော့ ကြိုးပမ်းလုပ်ဆောင်သွားဖို့လိုပါတယ်။"

---

**စာမျက်နှာ ၃ မှ**

ကုလသမဂ္ဂအတွင်းရေးမှူးဘန်ကီမွန်း မြန်မာနိုင်ငံကို လာရောက်ရေးကိစ္စမှာလည်း အခြေအနေနဲ့အချိန်အခါပေါ်မူတည်တယ်လို့ ဗိုလ်ချုပ် ကျော်ဆန်းက ဘန်ကီမွန်း ကို ပြောဆိုလိုက်ခြင်းဟာ နအဖစစ်အုပ်စုဘက်က ဘန်ကီမွန်းကို လက်ခံလိုခြင်းမရှိဆိုတဲ့သဘောဖြစ်ကြောင်း ရန်ကုန်မြို့ နိုင်ငံရေးအကဲခတ်တချို့က ယူဆသည်။

ဂမ်ဘာရီ အား နအဖပြောခွင့်ရ ဗိုလ်ချုပ်ကျော်ဆန်းရဲ့ ရှင်းလင်းပြောဆိုချက်များကို ချုပ်ကြည့်လျှင် ကုလအထူးကိုယ်စားလှယ် ဂမ်ဘာရီရဲ့ ကမ်းလှမ်းချက်ကို အနုနည်းနဲ့ ငြင်းပယ်ခဲ့သလို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခွင့်တောင်းထားတဲ့ အဲန်အဲလ်ဒီကိုလည်း ရာဇသံပေးတဲ့သဘောဆောင်တယ်လို့ အတိုက်အခံတချို့က ယူဆပါတယ်။

၂၀၁၀ ရွေးကောက်ပွဲမှာ ပါတီထောင်ခွင့်၊ စည်းရုံးခွင့်၊ ရွေးချယ်ပိုင်ခွင့်များ ကျယ်ကျယ်ပြန့်ပြန့်ရမှာဖြစ်တယ်လို့ ဗိုလ်ချုပ်ကျော်ဆန်းက ကတိပေးပြောဆိုခဲ့သော်လည်း ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် ဘယ်လမှာကျင်းပမယ်၊ ရွေးကောက်ပွဲဥပဒေကို ဘယ်အချိန် ထုတ်ပြန်ပေးမယ်၊ စတဲ့ ကိစ္စအရပ်ရပ်ကိုတော့ ဖြေကြားသွားခြင်းမရှိကြောင်း ဖြေကြားသွားခြင်းမရှိပေ။

---

**စာမျက်နှာ ၃ မှ**

မပြီးဆုံးသေးတဲ့လုပ်ငန်းစဉ်တခုဟာ ဒီ ၂၀၁၀ မှာဖြစ်ပေါ်လာမယ့်အခြေအနေနဲ့ ပေါင်းစပ်ပြီး ကျနော်တို့လိုချင်တဲ့ စစ်အုပ်ချုပ်ရေးရပ်စဲတဲ့ကိစ္စရယ်၊ ပါတီစုံစနစ်စတင်လမ်းကြောင်းဖော်တဲ့ကိစ္စရယ်၊ဆောင်ရွက်သွားနိုင်မယ်လို့ယုံကြည်တယ်"

ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးစိုင်းလိတ်ကတော့ ခွန်ထွန်းဦးတို့ကိုမလွှတ်ပေးမချင်း ရွေးကောက်ပွဲအသစ်ကိစ္စ စဉ်းကိုမစဉ်းစားဘူးလို့ ပြောပါတယ်။ ရှမ်းအဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီတွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့စုပေါင်းဖွဲ့စည်းထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မိတီ စီအာပီပီ အတွင်းရေးမှူးလည်းဖြစ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးလည်းဖြစ်တဲ့ ဦးအေးသာအောင်က ၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘဲ ရွေးကောက်ပွဲအသစ်ကိုမျှော်ခြင်းဟာ ဘယ်လိုမှလက်ခံနိုင်စရာမရှိဘူးလို့ပြောပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မိတီဝင် ဦးဝင်းတင်ကတော့ အမျိုးသားညီလာခံ၊ ဖွဲ့စည်းပုံ စသည်ဖြင့် စစ်အစိုးရကဦးဆောင်လုပ်နေတဲ့ လမ်းပြမြေပုံ ၇ ချက်စလုံးဟာ အခြေခံကစပြီးမှားယွင်းနေတဲ့အတွက် ရွေးကောက်ပွဲအသစ်ဆိုတာကို စဉ်းစားစရာတောင်မလိုဘူးလို့ပြောပါတယ်။

ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းကတော့ စစ်အုပ်စုလုပ်သမျှ ဟာ အခြေခံကစပြီးမှားနေတာမှန်ပေမယ့် အဲဒီမှားနေတာကို အတိုက်အခံတွေဘက်ကတိုက်ဖျက်နိုင်စွမ်းမရှိဘူး၊ ဒါကြောင့် ၂၀၁၀ ရွေးကောက်ပွဲကို ခြွင်းချက်တွေထားပြီးလက်ခံသင့်တယ်လို့ ပြောပါတယ်။ နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်သူ ဒေါက်တာခင်ဇော်ဝင်းကတော့ နိုင်ငံရေးအပြောင်းအလဲအတွက် လူထု။စိတ်ပါဝင်စားမှုနည်းတယ်၊ လူထုဟာ လတ်တလောပြဿနာဖြစ်တဲ့ စီးပွားရေးအခက်အခဲတွေသာရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။

# နာဂစ်ဒေသ မူလအခြေအနေ ပြန်ရောက်ပြီဟု ပြန်ကြားရေးဝန်ကြီး လိမ်ညာ

**DVB ၊ ဖေဖော်ဝါရီ ၅ ။** ။ နအဖစစ်အုပ်စုက နာဂစ်လေဘေးသင့်သူတွေရဲ့ အခြေအနေ တိုးတက်ဖြစ်ထွန်းမှုနဲ့ပတ်သက်လို့ ချဲ့ကားပြီး ကုလသမဂ္ဂကို မမှန်မကန်အစီရင်ခံတယ်လို့ ရောဝတီတိုင်းက လေဘေးသင့်ပြည်သူတွေက ပြောပါတယ်။

နအဖပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နာဂစ်မုန်တိုင်းသင့်ဒေသရှိ ပြည်သူတွေဟာ လေပြင်းမတိုက်ခတ်တုန်းကအခြေအနေကို ပြန်ရောက်ပြီလို့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကို ပြောလိုက်တာဟာ အချက်အလက်အမှား ပေးလိုက်တာပဲလို့ ရောဝတီတိုင်း ဘိုကလေးမြို့ဒေသခံတဦးက ပြောပါတယ်။

“မူလပုံမှန်နေရာကို ပြန်ရောက်ဖို့ဆိုတာ လုံးဝမလွယ်ကူပါဘူး။ လယ်ယာမြေမှာဆိုလို့ရှိရင် စပါးသီးနှံတွေဟာ မူလက တဧကကို ၄၅ တင်းထွက်တဲ့လယ်က အခုဟာက ၁၅ တင်းဆိုတာက အစွမ်းကုန်ထွက်တာ။ ပြန်ရောင်းတဲ့ဈေးတွေက မတရားနှိမ်တယ်၊ ဘယ်လိုမှပြန်ပြီးတော့ အိမ်ဆောက်ဖို့၊ လှေဝယ်ဖို့၊ တက်ဝယ်ဖို့၊ ပိုက်ဝယ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ အခုဝယ်ရင်လည်း အကြွေးတွေပဲ ဝယ်နေကြရတယ်၊ မူလအခြေအနေပြန်ရောက်တယ်ဆိုတာ ရူးသွပ်တဲ့အတွေးအခေါ်နဲ့ သုံးနှုန်းတဲ့ စကားလုံးပဲ။”

ဒီလ ၃ ရက်မှာ မစ္စတာဂမ်ဘာရီနဲ့ တွေ့ဆုံစဉ် ဗိုလ်မှူးချုပ်ကျော်ဆန်းက အစိုးရ၊ ပြည်သူနဲ့ တပ်မတော်နဲ့ပြည်သူ ပူးပေါင်းဆောင်ရွက်မှုကြောင့် မူလအခြေအနေပြန်ရောက်နေပြီလို့ ပြောလိုက်ပေမယ့် လက်တွေ့မှာတော့ အဲဒီလိုမဟုတ်ဘဲ ကျောင်းတွေ ပြန်ဆောက်ပေးတာ မပြည့်စုံသေးဘဲ ရေအခက်အခဲ လည်းကြုံနေရတုန်းပဲလို့ မြောင်းမြမြို့က ဒေသခံတဦးက ပြောပါတယ်။

“တချို့ဆိုလို့ရှိရင် အခုထိ ရွက်ထည်မိုးထားရုံပဲရှိသေးတယ်။ ကျန်းမာရေးဌာနဆိုလို့ရှိရင်လည်း ရေသန့်စက်တို့ဘာတို့ညာတို့ပေးတယ်ဆိုရင်လည်း တချို့ကျေးရွာတွေမှာဆိုလို့ရှိရင် ဒီရေသန့်စက်တွေ အခုချိန်ထိ မထိုင်ရသေးဘူးဗျ။ သုံးလည်းမသုံးရသေးဘူး။ မြောင်းမြဆိုတာကတော့ ရေချိုရှိတဲ့ အရပ်ဆိုတော့ နည်းနည်းတော်သေးတာပေ့ါ၊ လပွတ္တာဆိုလို့ရှိရင် ရေငန်အရပ်ဆိုတဲ့အခါကျတော့ သုံးသောက်ရေက ပြဿနာရှိနေတယ်။ မစ္စတာဂမ်ဘာရီက ဗိုလ်ချုပ်ကျော်ဆန်းပြောတဲ့ စကားလောက်နဲ့တင် ယုံကြည်သွားမယ်ဆိုရင်တော့လည်း ကျနော်တို့ မတတ်နိုင်ဘူးပေ့ါဗျာ။”

ဘိုကလေးမြို့မှာလည်း အလုပ်အကိုင်ရှားပါး၊ စီးပွားရေးကကျပ်တည်းစတဲ့အခက်အခဲပေါင်းစုံ ရင်ဆိုင်နေကြရလို့ မူလပုံမှန်အနေအထားကို ပြန်ရောက်ဖို့လုံးဝမလွယ်ကူပါဘူးလို့ မြို့ခံတဦးက ပြောပါတယ်။

“ဂမ်ဘာရီလေယာဉ်နဲ့ဝဲရင် ဘိုကလေး မြို့ကို မြင်ရပါလိမ့်မယ်၊ အိမ်တွေအတော်များများက ပြန်လည်ဆောက်လုပ်တာ မပြီးနိုင်သေးပါဘူး။ ၆၊ ၈၊ ၉ ရပ်ကွက်တွေမှာ တရပ်ကွက်ကို အိမ် ၃၅ လုံး (အိုင်အမ်) လုပ်နေဆဲပဲရှိသေးတယ်၊ အခုအချိန်မှာ တော်တော်တတ်နိုင်တဲ့လူတွေတောင် ပြန်ပြင်နိုင်တဲ့ စွမ်းအားမရှိသေးဘူး။”

မြောင်းမြဒေသမှာ လေဘေးသင့်ပြည်သူတွေ ဒုက္ခရောက်ချိန်မှာ အာဏာပိုင်တွေက အိမ်ထောင်စုဇယားအသစ်တွေ ထပ်လုပ်ခိုင်းနေပြီး တအိမ်ထောင်ကို ကျပ် ၅၀၀–၇၀၀ ကနေ ၁,၀၀၀ အထိတောင်းနေလို့ မကျေမနပ်ဖြစ်နေကြတယ်လို့ မြောင်းမြဒေသခံက ပြောပါတယ်။ “ထင်သလို သူတို့ကကောက်နေကြတယ်ဗျရွာသားတွေမပေးချင်ကြဘူးမတတ်သာလို့သာပေးနေကြရတယ်။”

# တောင်သူကို ကူညီသူ ရဲက ခြိမ်းခြောက်

**DVB ၊ ဖေဖော်ဝါရီ ၅ ။** ။ တောင်သူလယ်သမားတွေရဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးနေတဲ့ မကွေးတိုင်း အောင်လံမြို့နယ် စမ်းကလေးကျေးရွာက ကိုသန်းစိုးကို နယ်မြေခံ ရဲအထူးသတင်းတပ်ဖွဲ့က ဖိအားပေးခြိမ်းခြောက်နေတယ်လို့ ကိုသန်းစိုးရဲ့မိသားစုနဲ့ နီးစပ်သူတဦးက ပြောပါတယ်။

အောင်လံမြို့က အက်စ်ဘီ ရဲအထူးသတင်းတပ်ဖွဲ့ဝင် ညီညီအောင်က အထက်အာဏာပိုင်တွေရဲ့ တာဝန်ပေးချက်အရဆိုပြီး ကိုသန်းစိုးကို နိုင်ငံရေးလုပ်သူတွေနဲ့ အဆက်အသွယ်ရှိမရှိ မကြာခဏ စစ်ဆေးမေးမြန်းနေတယ်လို့ ပြောပါတယ်။ ဖမ်းဆီးအရေးယူမယ်လို့ပါ ခြိမ်းခြောက်လာလို့ ကိုသန်းစိုး အိမ်မှာမနေရဲတော့ဘဲ တိမ်းရှောင်နေချိန်မှာ သူ့မိသားစုကို ဆက်လက်ခြိမ်းခြောက်နေတုန်းပဲလို့ မိသားစုနဲ့နီးစပ်တဲ့ အောင်လံမြို့ခံတဦး က ပြောပါတယ်။

“အထက်က မေးခိုင်းတယ်၊ ၈၈ ကျောင်းသားတွေ တိမ်းရှောင်လာစဉ်တုန်းက လက်ခံထားတယ်ဆိုတာ ဟုတ်သလား၊ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျနော်တို့ကိုလာပြီးတော့တွေ့ပါ၊ ကိုသန်းစိုးပြန်လာလို့ရှိရင်လည်း ကျနော်တို့ဆီရောက်အောင် လွှတ်ပေးပါ၊ လွှတ်မပေးလို့ တကယ်လို့ ဟိုဟာဖြစ်လို့ရှိရင် ကျနော်တို့ အတင်းအကျပ်လုပ်ရမယ့်ဆိုတာမျိုး ခြိမ်းခြောက်တယ်ဗျာ။”

ကိုသန်းစိုးက တောင်သူလယ်သမားတွေရဲ့ လယ်သိမ်းခံရတာ၊ အာဏာပိုင်တွေက ကြံအတင်းစိုက်ခိုင်းတာ၊ ကြံစက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့ရဲ့နိုင်ထက်စီးနင်းပြုမှု၊ တောင်သူလယ်သမားတွေကို အဓမ္မလုပ်အားခိုင်းစေမှု စတဲ့အရေးတွေမှာ တောင်သူလယ်သမားတွေဘက်က ရပ်တည်ပြီး ကူညီဆောင်ရွက်ပေးနေတာလို့လည်း ပြောပြပါတယ်။

“တောင်သူလယ်သမားတွေရဲ့ အရေး အရာတွေ၊ အဓမ္မစေခိုင်းစေခံရမှုတွေနဲ့ပတ်သက်ပြီးတော့ သူဟာတကယ့်ကို ကြိုးကြိုးပမ်းပမ်း ထဲထဲဝင်ဝင်ဆောင်ရွက်တဲ့ပုဂ္ဂိုလ်ပါ။”

# စစ်အတွင်းကျန်ကားများကို မြို့တွင်းဝင်ခွင့်မပြု

**NEJ ၊ ဖေဖော်ဝါရီ ၅ ။** ။ စစ်ကျန် ဘတ်စ်ကားများကို မြို့တော်အင်္ဂါရပ်နဲ့မညီ ဟုဆိုကာ ဖေဖော်ဝါရီ ၂ ရက်နေ့မှစပြီး ရန်ကုန်မြို့တွင်း လုံးဝဝင်ခွင့်မပြုတော့ကြောင်း ယာဉ်ပိုင်ရှင်တဦးက ပြောပါတယ်။

“မထသအစည်းအဝေးက ဆုံးဖြတ်ချက်ချလိုက်တာတဲ့၊ ကျနော်တို့ချက်ကြီး Chevolet ကားတွေ မြို့ထဲမဝင်ရတော့ဘူး၊ နဂိုကမှ ဝင်ငွေကျနေရတဲ့အထဲ အခုလို ကန့်သတ်လိုက်တော့ ပိုဆိုးသွားတာပေ့ါဗျာ၊ ကျနော်တို့ ၃၉ လိုင်းတွေက သူတို့မြို့တွင်း ရေိယာလို့ သတ်မှတ်ထားတဲ့ ၆ မြို့နယ်တောင်မဟုတ်ဘူး၊ တာမွေအခွန်လွတ်ဈေးအထိပဲ သွားလို့ရတော့တာ၊ တောင်ဒဂုံကနေအခွန်လွတ်ဈေးဆိုရင် ဂိတ်ဆုံးပြီ၊ ဆက်သွားချင်ရင် ပြောင်းစီးပေ့ါ”။

ဒုတိယကမ္ဘာစစ်ကျန်ဘတ်စ်ကားများကို မြို့တွင်း ၆ မြို့နယ်နဲ့ ထိစပ်မြို့နယ်များအတွင်းသို့လည်း ဝင်ခွင့်မပြုတော့ခြင်းကြောင့် အဆိုပါယာဉ်ပိုင်ရှင်များ ဝင်ငွေကျဆင်းသွားက ခရီးသည်များလည်း အခက်တွေ့ကြရတယ်လို့ ဒေသခံများက ပြောဆိုနေကြပါတယ်။

“မသိဘူးဗျာ၊ ဒီနေ့ကျမှသိတာ၊ ဒီအထိပဲ ရောက်မယ်ဆိုတော့ နောက်တစီးပြောင်းစီးရတာပေ့ါ၊ ခရီးသည်တွေကို ကြိုတင်အသိပေးတာလည်းမရှိဘူး၊ နအဖစစ်အုပ်စုကတော့ သူပြောင်းချင်တဲ့အချိန် ပြောင်းချလိုက်တာပဲ၊ အခုလိုပြောင်းလိုက်တော့ နှစ်ဆင့်ပြောင်းစီးမှ ရောက်မယ့်သူတွေအတွက် ကားခပိုကုန်တာပေ့ါ၊ နောက်ပြီး တခြားလိုင်းတွေမှာလည်း လူပိုကျပ်သွားတာပေ့ါ၊ အနည်းဆုံးတော့ ပြောင်းမယ်ဆိုရင်တောင် ကြိုတင်ထုတ်ပြန်အသိပေးသင့်တယ်”။

ရန်ကုန်မြို့နေလူထုဟာ လိုင်းကားကိုသာ အဓိကထားသွားလာ နေကြသူများဖြစ်ရာ ၂၀၀၇ ခု ဩဂုတ်လမှာ နအဖစစ်အုပ်စုက လောင်စာဆီ ဈေးမြှင့်တင်ပြီး မြို့တွင်းပြေးလိုင်းကားခဈေးနှုန်းများကိုလည်း တိုးမြှင့်ခဲ့တာက စလို့ စက်တင်ဘာဆန္ဒပြမှုကြီးဖြစ်ပွားခဲ့ရတာပါ။

# နိုင်ငံရေး ၊ ဒီမိုကရေစီ နှင့် သည်းခံမှု

**ကျော်ကျော်စိုး**

အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့တွင် ကျင်းပခဲ့သောပြည်သူ့လွှတ်တော်အမတ်များသမဂ္ဂ MPU ညီလာခံအပြီးတွင် မြန်မာလွှတ်တော်အမတ် ၂ ဦး အခြေအတင်စကားများရာက ကိုယ်ထိလက်ရောက်အဆင့်ထိရောက်ကာ သွေးထွက်သံယိုမှုဖြစ်ခဲ့သည်ဟု သတင်းကြားသိရသည်။

ထိုသတင်းကြောင့် ပထမဦးဆုံးရရှိလာခဲ့သည့်ဆင်ခြင်မှုမှာ နိုင်ငံရေးသမားများအကြား၊ နိုင်ငံရေးလှုပ်ရှားသူများအကြား ဒီမိုကရေစီနှင့် သည်းခံမှု Tolerance ကို သိရှိနားလည်ရန်လိုအပ်သည်ဆိုသည့်အချက်သည် အရေးကြီးလှသည်ဆိုသည့်အရာပင်ဖြစ်သည်။

ယနေ့ခေတ်လူ့အဖွဲ့အစည်းသည် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများပြားလာသည်နှင့်အညီ မတူညီကွဲပြားသည့် အကြောင်းအရာ အခြေအနေအမျိုးမျိုးရှိလာသည်။ ထိုသို့သောအနေအထားတွင် နိုင်ငံရေးလောကနှင့် ဆက်နွယ်နေသူမှန်သမျှ လက်ကိုင်ထားကျင့်သုံးရန်မှာ ကွဲပြားခြားနားမှုများအကြား ညီညွတ်စွာလုပ်ကိုင်လှုပ်ရှားနိုင်ရေးပင်ဖြစ်သည်။ Unity in diversity ဟုဆိုရမည်။ ဆိုလိုသည်မှာ မတူညီကွဲပြားမှုများကို လက်ခံရေး၊ မတူညီသောအမြင်များကို အပြန်အလှန်ဖလှယ် ဆွေးနွေးနိုင်ရေးဖြစ်သည်။ ကွဲပြားမှုများနှင့် လက်တွေ့ရင်ဆိုင်ရသည့်အခါ သည်းခံမှုကို နားလည်ကျင့်သုံးနိုင်ရန် လိုအပ်ပေသည်။

ဖိနှိပ်ချုပ်ချယ်မှုအောက်မှ လွတ်မြောက်ကာ ပွင့်လင်းသော၊ လွတ်လပ်သောလူ့အဖွဲ့အစည်းကို ထူထောင်ကြသောအခါ ဒီမိုကရေစီအလေ့အကျင့်သည် ရှေ့တန်းသို့ရောက်လာသည်။ ဒီမိုကရေစီက လူတိုင်းအား ၎င်းတို့၏ ကိုယ်ပိုင်ခံစားချက်၊ အတွေးအမြင်၊ အယူအဆတို့နှင့်အညီ နေထိုင်နိုင်သည့် အခွင့်အလမ်းရှိလာစေသကဲ့သို့ ထုတ်ဖော်ပြသခွင့်များလည်းရှိလာသည်။ ထိုအခြေအနေတွင် သည်းခံမှုသည် အရေးပါသောအစိတ်အပိုင်းမှ ပါဝင်ပေသည်။

သာဓက နှစ်ခုကို အကြမ်းဖျင်းလေ့လာကြည့်ပါမည်။ ၂၀၀၈ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ဖြစ်ပွားခဲ့သော နိုင်ငံရေးမတည်ငြိမ်မှုနှင့် ၂၀၀၀ ခုနှစ် အမေရိကန်သမတရွေးကောက်ပွဲတို့ဖြစ်သည်။

စည်းမျဉ်းခံဘုရင်စနစ်အောက်တွင် ထိုင်းနိုင်ငံသည် ဒီမိုကရေစီ တလှည့် စစ်တပ်အာဏာသိမ်းအုပ်ချုပ်မှုတလှည့်ဖြင့် ကျင်လည်နေခဲ့သည်။ ၂၀၀၈ ခုနှစ်အတွင်း ဘန်ကောက်ဗဟိုပြု တပ်ခ်စင်လိုလားသော အစိုးရကို ဆန့်ကျင်သည့်အင်အားစုများက ဝန်ကြီးချုပ်ရုံးကိုသိမ်းပိုက်ကာ အစိုးရပြုတ်ကျရေးနှင့် နုတ်ထွက်ရေးကို ဦးတည်တိုက်ခဲ့သည်။ ထိုင်းနိုင်ငံရေး ဖရိုဖရဲဖြစ်လာ သည်။ ဆန္ဒပြမှုများတာရှည်လာသည့်အခါ ထိုင်းစီးပွားရေးထိခိုက်လာသည်၊ နိုင်ငံရေးပြဿနာကိုပြေလည်ရန် ဖြေရှင်းနိုင်သည့် အနေအထားမရှိသော ထိုင်းနိုင်ငံရေးသမားနှင့် အစိုးရအဖွဲ့၏သိက္ခာထိပါးလာသည်။ အချုပ်အားဖြင့်ဆိုရလျှင် ထိုင်းနိုင်ငံရေးနှင့် စီးပွားရေးထိခိုက်ခဲ့ပေသည်။

၂၀၀၀ ခုနှစ် အမေရိကန်သမတရွေးကောက်ပွဲတွင် အဲလ်ဂိုး နှင့် ဘုရှ်တို့သည် အနိုင်ရရေးအတွက် အကြိတ်အနယ် အခြေအနေသို့ ရောက်လာသည်။ မဲရေတွက်မှုနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပွားလာခဲ့ရာ တရားရုံးချုပ်က ဘုရှ်ကို အနိုင်ပေးခဲ့သည်။ ထို့နောက် အဲလ်ဂိုး ကလည်း ဘုရှ် ၏အနိုင်ရမှုကို အသိအမှတ်ပြုကာ လက်လျှော့လိုက်သည်။ အကယ်၍ အဲလ်ဂိုးသည် လက်မလျှော့ပဲ ဆက်လက်တိုက်ပွဲဝင်မည်ဆိုပါက သိန်းနှင့် သန်းနှင့်ချီရှိသောသူ့ကို ထောက်ခံအားပေးသူများဖြင့် လှုပ်ရှားနိုင်မည်ဖြစ်သည်။ သို့ဆိုလျှင် အမေရိကန်နိုင်ငံတွင် ပြဿနာများအကြီးအကျယ်ဖြစ်ပွားလာနိုင်ပြီး၊ အစိုးရ၏လုပ်ငန်းဆောင်တာများ ထိခိုက်လာနိုင်သည်၊ လူထုအကြား သဘောထားကွဲလွဲမှုများဖြစ်လာနိုင်သည်။

ထိုင်းနှင့် အမေရိကန်တို့၏ဖြစ်ရပ်နှစ်ခုကို ယှဉ်ကြည့်လျှင် ဒီမိုကရေစီခိုင်မာစွာထွန်းကားခြင်းမရှိသေးသည့်ထိုင်းနိုင်ငံတွင် အစိုးရနှင့် နိုင်ငံရေးအင်အားစုများသည် ၎င်းတို့၏အမြင် ဆန္ဒရပ်တည်ချက်များကို လွတ်လပ်စွာပြသနိုင်သည့် အခွင့်အလမ်းများရှိသော်လည်း မတူညီသည့် သဘောထားအမြင်များအပေါ် သည်းခံစိတ်ရှည်နိုင်မှုအားနည်းပြီး မိမိရည်မှန်း ချက်အောင်မြင်ရေးအတွက်ကိုသာ ဦးစားပေးသည်ကိုတွေ့ရသည်။ မတူညီသောအမြင်များ အကြားတုံ့ပြန်မှုပေးရာတွင် စိတ်ရှည်သည်းခံမှုနည်းပါးခြင်း၊ ဖြစ်ပေါ်လာမည့်အကျိုးဆက်ကို တွက်ချက်မျှော်မှန်းကြည့်မှုနည်းပါးခြင်းများရှိသည်ကိုတွေ့ရ သည်။ ဤသည်က ပြည်သူလူထု အကြား၌ပင် သဘောထား ကွဲလွဲမှုများကိုပါ ဖြစ်စေသည်။ မနှစ်တုန်းက တပ်ခ်စင်နှင့် ၎င်းကိုထောက်ခံသော နိုင်ငံရေးသမားများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့်အတိုင်း ယခုအခါ တပ်ခ်စင်ထောက်ခံသောသူများက ဘန်ကောက်မြို့ပေါ်တွင် လက်ရှိအစိုးရအပေါ် ကန့်ကွက်ဆန့်ကျင်ဆန္ဒပြမှုများစတင်နေပြီဖြစ်သည်။

ဒီမိုကရေစီအခိုင်အမာထွန်းကားနေပြီဖြစ်သောအမေရိကန်တွင် အဲလ်ဂိုးသည် နိုင်ငံ၏အကျိုးကိုမျှော်ကိုး၍ သူ၏ဆက်လက်ကြိုးပမ်းပိုင်ခွင့်ကို အသုံးမချပဲ ဘုရှ်ကို သမတအဖြစ် ထမ်းဆောင်စေခဲ့သည်။ ဤသည်ကလည်း မိမိက နိုင်ငံကိုဦးဆောင်မှသာ နိုင်ငံ့အကျိုးကို ဆောင်ရွက်၍ရမည်၊ မိမိ အာဏာရှိမှသာ လုပ်ကိုင်နိုင်မည်ဟုမှတ်ယူခြင်းမျိုးမဟုတ်ပဲ ဒီမိုကရေစီအခြေခံခိုင်နေသည့်နိုင်ငံတွင် အခြားသောနည်းလမ်းများဖြင့်လည်း လုပ်ကိုင်ဆောင်ရွက်နိုင်သည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။ ဤသည်က ဒီမိုကရေစီခိုင်မာစွာထွန်းကားနေသည့်လူ့အဖွဲ့အစည်းနှင့် မထွန်းကားသေးသည့်လူ့အဖွဲ့ အစည်းအကြား ကွာဟချက်ဖြစ်သည်။

ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ရာတွင် စည်းစနစ်ရှိစွာဖြင့် ခိုင်ခိုင် မာမာဖြင့် ငြိမ်းချမ်းသောနည်းလမ်းများကို သုံးစွဲလှုပ်ရှားနိုင်ရမည်။ သို့သော် နိုင်ငံနှင့်ပြည်သူလူထုအကျိုးအတွက် ထည့်သွင်းစဉ်းစားလျှင် အပြန်အလှန် အပေးအယူလုပ်နိုင်မှုရှိရမည်။ There must be a compromise ထို့ကြောင့် ခိုင်ခိုင်မာမာလက်ခံထားရန် လိုအပ်သည့်အချက်တချက်မှာ သည်းခံမှုမရှိသော အခြေအနေ၊ အရပ်ဒေသတွင် ဒီမိုကရေစီထွန်းကားနိုင်မည်မဟုတ်ဆိုသည်ပင် ဖြစ်သည်။

ကျနော်တို့သည် ဒီမိုကရက်များဖြစ်သည်၊ ဒီမိုကရေစီကို ထောက်ခံအားပေးသူများဖြစ်သည်ဟုဆိုရုံနှင့် ရိုးသားမှုများကို ထုတ်ဖော်ပြသနေရုံနှင့် ဒီမိုကရေစီထွန်းကားလာမည်မဟုတ်ပေ။ ဒီမိုကရေစီရေးကြိုးပမ်းနေသူများသည် မိမိနှင့် အမြင်ချင်းမတူညီသူများနှင့် ဆွေးနွေးဖလှယ်နိုင်သူများဖြစ်ရမည့်အပြင် မိမိနှင့် ခြားနားစွာရပ်တည်နေသူများကိုလည်း လက်ခံအသိအမှတ်ပြုနိုင်သည့် ရဲရင့်ပွင့်လင်းသောစိတ်ဓာတ်လည်းမွေးမြူရပေမည်။ ဤသည်က စိတ်ရှည်သည်းခံမှုပင်ဖြစ်သည်။ ထို့ကြောင့် စိတ်ရှည်သည်းခံမှုမရှိသောနေရာတွင် ဒီမိုကရေစီအမြစ်မတွယ်နိုင်ပေ။

မိမိအားဝေဖန်ပြောဆိုနေမှုများကို သည်းခံစိတ်ဖြင့် နားထောင်စောင့်ဆိုင်းရသည့်ကိစ္စမှာ လွယ်ကူသည်အရာမဟုတ်ပေ။ သို့သော်လည်း လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် သဘောထားအမြင်များကွဲလွဲပိုင်ခွင့်သည် ဒီမိုကရေစီ၏အနှစ်သာရတခုဖြစ်သည့်အတွက် ဤအခွင့်အရေးကို မိမိပြိုင်ဘက်၊ မိမိကိုပြစ်တင်ဝေဖန်နေသူအား ခွင့်ပြုခြင်းသည် ဒီမိုကရေစီ၏အလေ့အကျင့်တခုပင်ဖြစ်သည်။ လူ့အဖွဲ့အစည်းတခုတွင် ဒီမိုကရေစီခိုင်မာစွာထွန်းကားနေသည်ဟုဆိုနိုင်ခြင်းမှာ ထိုလူ့အဖွဲ့အစည်းအတွင်းနေထိုင်သူများအကြား ဒီမိုကရေစီအလေ့အကျင့် ကောင်းစွာကျင့်သုံးနိုင်နေပြီကို ဖော်ပြရာရောက်သည်။

လူ့အဖွဲ့အစည်းအတွင်း အတူတကွနေထိုင်လျက်ရှိကြသော ကျနော်တို့တွင် မတူညီသောခံစားချက်၊ မတူညီသောအမြင်များရှိကြသည်။ စစ်အာဏာ

စာမျက်နှာ ၁၅ သို့

**သတင်းပြက္ခဒိန်**

**2009**

| | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**ဇန်နဝါရီ ၃၁၊ RGN ။ ။** ကုလ၏ မြန်မာအရေးအထူးသံ Mr.Gambari သည် ယနေ့မြန်မာသို့ရောက်ရှိ၏။

**ဖေဖော်ဝါရီ ၁၊ DVB ။ ။** လူထုအကျပ်အတည်းဖြေရှင်းရေး လူထုပါဝင်လှုပ်ရှားမှုများလုပ်ရန် မိတ္ထီလာ၊ ရမည်းသင်း၊ မြင်းခြံ ၃ ခရိုင် NLD မှ ကြိုးပမ်းနေကြောင်း။

**ဖေဖော်ဝါရီ ၁၊ RFA ။ ။** ဒပ်ဗလင်မြို့တွင်ကျင်းပခဲ့သည့် MPU ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂညီလာခံတွင် NCGUB ပြည်ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်း အစိုးရအဖွဲ့ကို ဝန်ကြီး ၇ ဦးဖြင့် အသစ်ပြန်လည် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း ပြောရေးခွင့်ရ ဝန်ကြီးဦးဘိုလှတင့်မှဆို၏။

**ဖေဖော်ဝါရီ ၁၊ DVB/AFP ။ ။** ကုလအထူးသံ Mr.Gambari သည်ယနေ့ရန်ကုန်တွင် ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့် နအဖနှင့်ဒေါ်အောင်ဆန်းစုကြည်အကြား ဆက်သွယ်ရေးတာဝန်ခံ ဆက်သွယ်ရေး အလုပ်သမားဝန်ကြီး ဦးအောင်ကြည်တို့နှင့် တွေ့ဆုံခဲ့၏။

**ဖေဖော်ဝါရီ ၁၊ DVB ။ ။** ရန်ကုန်တက္ကသိုလ်ဆရာတဦးနှင့် ခပေါင်းဆောင်မှ ကျောင်းသားတဦးတို့အား အာဏာပိုင်များမှ ဂျန်နဝါရီ ၂၈ တွင် ဖမ်းဆီးသွားခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၂၊ IHT ။ ။** ကုလ၏လုပ်ဆောင်မှုများ အားမရကြောင်းနှင့် ရလဒ်မဲ့ဆွေးနွေးမှုများမလုပ်လိုကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ NLD မှဆိုကြောင်း။

**ဖေဖော်ဝါရီ ၂၊ ND-DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် လူထုတရပ်လုံးမှ နည်းစုံဖြင့် ပါဝင်လှုပ်ရှားရန် NLD အဖွဲ့ ချုပ်နှင့်တိုင်းရင်းသား နိုင်ငံရေးပါတီများမှ လူထုသို့တိုက်တွန်းချက်ကို အိန္ဒိယရှိမြန်မာဒီမိုကရေစီအင်အားစုမှ ထောက်ခံဆန္ဒပြပွဲကျင်းပ၏။

**ဖေဖော်ဝါရီ ၂၊ DVB ။ ။** နိုင်ငံရေးအကျဉ်းသားအားလုံး မလွှတ်ပေးသရွေ့ မြန်မာနိုင်ငံသို့မလာသင့်ဟု ဒေါ်အောင်ဆန်းစုကြည်မှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ Mr.Gambari မှတဆင့် စကားပါးလိုက်ကြောင်း NLD ဦးဉာဏ်ဝင်းမှဆို၏။ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးကောင်းကြောင်း၊ သူမနှင့်အတူ Mr.Gambari နှင့် တွေ့ဆုံခဲ့သူ NLD (ဗဟို) အဖွဲ့ဝင်များမှဆိုကြောင်းလည်း ဦးဉာဏ်ဝင်းမှဆို၏။

**ဖေဖော်ဝါရီ ၂၊ AP ။ ။** နအဖအား အာဏာလွှဲပြောင်းပေးရေး ကုလ၏နားမချနိုင်မှုအပေါ် ဒေါ်အောင်ဆန်းစုကြည်မှ စိတ်ရှုတ်အားမရကြောင်း Mr.Gambari မှဆို၏။

**ဖေဖော်ဝါရီ ၂၊ DVB ။ ။** ၁၅ မိနစ်ခန့်အကြိုဆွေးနွေးပြီး ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေ၊ ဦးညွန့်ဝေ၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးစိုးမြင့်တို့သည် ကုလသမဂ္ဂအထူးသံ Mr.Gambari နှင့် ယနေ့ဖေဖော်ဝါရီ ၂ တွင် အစိုးရဧည့်ဂေဟာတွင် တနာရီကြာ တွေ့ဆုံဆွေးနွေးခဲ့၏။

**ဖေဖော်ဝါရီ ၂၊ DVB ။ ။** မကွေးတိုင်း စေတုတ္တရာမြို့မှ ဖ မိုင်ကွာရှိ ကာကွယ်ရေးပစ္စည်းစက်ရုံလမ်းဖောက်ရန် လယ်ကေ ၂၀ ကျော် အသိမ်းခံရကြောင်း ဒေသခံများမှဆို၏။

**ဖေဖော်ဝါရီ ၂၊ DVB ။ ။** ဇန်နဝါရီတွင် ဆပ်ရမည့်စိုက်ပျိုးစရိတ်ချေးငွေများ ပြန်မဆပ်နိုင်သေး၍ ဆပ်ရန်ဖိအားပေးခံ လယ်သမားများစု အခက်တွေ့နေကြောင်း။

**ဖေဖော်ဝါရီ ၂၊ DVB ။ ။** နိုင်ငံရေးအကျဉ်းသားအားလုံးလည်းမလွှတ်၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးလည်းမလုပ်ဘဲ လမ်းပြမြေပုံ ၇ ချက်အရ တဘက်သတ် ဆောင်ရွက်လျှင် ၂၀၁၀ ရွေးကောက်ပွဲသစ်ကိုမစဉ်းစားဟု SNLD မှ Mr.Gambari သို့ဆိုကြောင်း SNLD ပြောခွင့်ရ ပုဂ္ဂိုလ် စိုင်းလိတ် မှဆို၏။

**ဖေဖော်ဝါရီ ၃၊ JKT ။ ။** မြန်မာမှ ရိုဟင်ဂျာဒုက္ခသည် ၁၉၈ ဦးအား ကယ်ဆယ်ခဲ့ကြောင်း အင်ဒိုနီးရှားမှဆို၏။ ထိုင်းမှနှင်ထုတ်၍ ပင်လယ်ပြင်တွင် ၂၂ ဦးသေဆုံးခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၄၊ Mizzima ။ ။** ပင်လယ်ရေပြင်မှကယ်တင်ခဲ့သော ရိုဟင်ဂျာများအား ဒုက္ခသည်အဖြစ်လက်မခံဟု အိန္ဒိယမှဆိုကာ ပြန်ထွက်ခွာစေရန် စီစဉ်နေ၏။

**ဖေဖော်ဝါရီ ၄၊ Mizzima ။ ။** ဒုနိုင်ငံခြားရေးဝန်ကြီး၊ ဒုပညာရေးဝန်ကြီးနှင့် ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌရာထူးအပြောင်းအလွဲများ ရှိခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၄၊ Irrawaddy ။ ။** ကုလဒုက္ခသည်များဟာမင်းကြီးမှ ထိုင်းတွင် ရိုဟင်ဂျာဒုက္ခသည်စခန်းထားရန် ပြောဆိုမှုကို ရန်နောင်ဒေသခံ ၁၀၀၀ ခန့်မှ ဆန္ဒပြကန့်ကွက်၏။

**ဖေဖော်ဝါရီ ၄၊ VOA ။ ။** မြန်မာနိုင်ငံက အတိုက်အခံ ဒီမိုကရေစီအင်အားစုများနှင့် စစ်အာဏာရှင်အကြား တွေ့ဆုံဆွေးနွေးမှုဖြစ်ပေါ်ရေးကြိုးပမ်းသည့် ကုလအထူးသံ Mr.Gambari သည် ယခုတခေါက်လည်း ခရီးစဉ်ဆောင်ရွက်မှု မအောင်မမြင်ဘဲ၊ မြန်မာမှ ယမန်နေ့က ပြန်လည်ထွက်ခွာခဲ့၏။

**ဖေဖော်ဝါရီ ၄၊ Irrawaddy ။ ။** နအဖထိပ်သီးဗိုလ်ချုပ်သန်းရွှေသည် Mr.Gambari နှင့်မတွေ့ ဆုံခဲ့သော်လည်း တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီယားသံသစ်များနှင့်တွေ့ ဆုံခဲ့သည်ဟုဆို၏။

**ဖေဖော်ဝါရီ ၄၊ VOA ။ ။** ကုလသမဂ္ဂသည်မြန်မာတိုးတက်မှုလိုလားလျှင် မြန်မာအပေါ်ပိတ်ဆို့မှုများ၊ စစ်ခေါင်းဆောင်များအား ဗီဇာပိတ်မှုများပယ်ဖျက်ရန် Mr.Gambari အား ဗိုလ်ချုပ်သိန်းစိန်မှ Mr.Gambari ၏ နိုင်ငံရေးအကျဉ်းသားများအားလွှတ်ရန်တောင်းဆိုမှုကို တုန်ပြန်ချေပတောင်းဆိုကြောင်း မြန်မာတီဗွီအရ သိရ၏။

**ဖေဖော်ဝါရီ ၄၊ Nation ။ ။** အာဆီယံသည် ရိုဟင်ဂျာစသည့် မြန်မာမှဒုက္ခသည်များအရေးကို နအဖအားဖိအားပေးသင့်ကြောင်း Sai Wansai မှ ရေးသား၏။

**ဖေဖော်ဝါရီ ၄၊ Irrawaddy ။ ။** သုံးပွင့်ဆိုင်မုန်တိုင်းကယ်ဆယ်ရေးစောင့်ကြပ်အဖွဲ့ TCG မှ ဦးကျော်သူအား ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ပြောင်းခန့်လိုက်၏။

**ဖေဖော်ဝါရီ ၅၊ DVB ။ ။** ကွန်ပျူတာစနစ်တခုလုံး မြန်မာစာဖြင့်အသုံးပြုနိုင်သည့် မိုင်မြန်မာ ယူနီကုဒ်စနစ် ၂၀၀၉ စီဒီကို တချပ် ဖ၀၀ဝိ ဖြင့် မြန်မာတွင် ၂၀၀၈ ကုန်မှစ၍ စတင်ဖြန့်ဖြူးရောင်းချ၏။

**ဖေဖော်ဝါရီ ၅၊ UCAN ။ ။** ရန်ကုန် Archdiocese ဘုရားကျောင်းမှ အခမဲ့နယ်လှည့်ဆရာဝန် ဆရာမများဖြင့် စကုသပေးနေ၍ ရန်ကုန်တပိုက်ရွာသူရွာသားများ ဝမ်းသာ နေကြကြောင်း။

**ဖေဖော်ဝါရီ ၅၊ DVB ။ ။** NLD လုပ်ငန်းများအရှိန်မြှင့်ရန် ရန်ကုန်တိုင်းဥက္ကဋ္ဌ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးမြင့်ဦးစီး၍ စည်းရုံးရေးအဖွဲ့ဝင်များ ယနေ့ဆွေးနွေး၏။

**ဖေဖော်ဝါရီ ၅၊ Irrawaddy ။ ။** ဖေဖော်ဝါရီ ၁ နအဖဝန်ကြီးချုပ်ဗိုလ်ချုပ်သိန်းစိန်၏သမီးမင်္ဂလာဆောင်သို့ ကင်မရာများခွင့်မပြုကြောင်း။ မင်္ဂလာ လက်ဆောင်များတွင် ဇိမ်ခံကားများ၊ ဒေါ်လာသန်း ၅၀ တန်အိမ်မြေများပါကြောင်း ကြားသိရ၏။

**ဖေဖော်ဝါရီ ၅၊ ANI ။ ။** အိန္ဒိယဒုသမတ Ansai သည် မြန်မာနှင့် အင်္ဂလိပ်စာသင်တန်းဖွင့်ရေးနှင့် ပခုက္ကူတွင် စက်မှုဒေသတည်ရန် မှတ်တမ်း ၂ ခုလက်မှတ်ထိုး၏။

**ဖေဖော်ဝါရီ ၅၊ DVB ။ ။** အင်းစိန်အကျဉ်းရှိ ၂၀၀၇ ဗကသခေါင်းဆောင် ဒီငြိမ်းလင်း အား တောင်ဒဂုံတရားရုံးမှ မတရားအသင်းဖွဲ့စည်းမှုဖြင့် ထောင် ၅ နှစ်ထပ်ချ၏။

**ဖေဖော်ဝါရီ ၅၊ DVB ။ ။** ပဲခူးတိုင်းကျောက်တံခါးတရားရုံးသည် အုပ်ချုပ်ရေးအာဏာ ပိုင်များ၏ တရားစီရင်ရေးတွင် စွက်ဖက်မှုများကြောင့် စိတ်ရှုတ်နေကြောင်း။

**စာမျက်နှာ ၁၃ သို့**

# ကျူးဘားတော်လှန်ရေးနှစ်ငါးဆယ်နှင့် "ချေ" ၏ဓါတ်ပုံတကွက်

## (ရုရှား၊ တရုတ်၊ ကျူးဘားဆိုရှယ်လစ်တော်လှန်ရေး ဘယ်လိုအဓိပ္ပါယ်ရှာကြမလဲ)

မောင်ပုည (ဩစတြေးလျား)

## (၁)

'ဆရာခင်ဗျား၊ ဆရာရဲ့ ဂျန်နဝါရီ ၁ ရက် ၂၀၀၉ ခုနှစ် နှစ်ဆန်းတရက်နေ့မှာ အန်တီရော၊ ဆရာ့သမီးပါချက်ပြုတ်ကြတဲ့မုန့်ဟင်းခါးကတော့ ကောင်းပါတယ်ဆရာ၊ ဒါနဲ့ ကျနော်က ခရီးဆက်ရန်ရှိနေတော့ ကျနော့်နောက်ပိုင်းမှာ ရောက်လာသူတွေကို သိပါရစေဆရာ'

"အေးကွယ်၊ မောင်ချစ်ဖူးရဲ့နောက်မှာ အဆင့်ဆင့်ရောက်လာသူတွေ က 'ဝ' အမျိုးသား မောင်ညီခွမ်းရယ်၊ ကိုခင်မောင်ကြီးတို့ဇနီးမောင်နှံနဲ့အတူ သမီးနှစ်ဦး၊ သမက်နှစ်ဦးနဲ့ မြေးနှစ်ဦးရယ်ပေါ့"

'ဟုတ်ကဲ့ဆရာ၊ ပြောပါ'

"ပြီးတော့ ဆရာအောင်ခင်ရယ်၊ ကိုချင်းနဲ့အိုင်ဗရီ (Ivory) တို့ဇနီးမောင်နှံရယ်၊ ညနေပိုင်းမှာတော့ ဒေါက်တာမျိုးသိန်းတို့သားအမိပါပဲ၊ ဒီကြား ထဲအကြောင်းအမျိုးမျိုးနဲ့မလာရောက်နိုင်သူတွေလည်းရှိသပေါ့"

'ကျနော်ကတော့ ကိစ္စတခုရှိနေတော့ ပြောဆိုဆွေးနွေးတဲ့အဆင့် မရောက်ခဲ့ပါဘူး၊ ဆရာတို့ဘာတွေများပြောဆိုတာတွေကို သိပါရစေဆရာ'

"ဆရာအောင်ခင်ရယ်၊ ကိုချင်းရယ်၊ ကိုယ်ရယ်က မတွေ့တာလည်း ကြာ၊ ပြောဆိုစရာတွေကလည်းများတော့ ညနေပိုင်းလောက်အထိပြောဖြစ်ကြပါတယ်ကွယ်"

'ဟုတ်ကဲ့ဆရာ၊ ဘာတွေများလဲဆရာရယ်'

"အဓိကတွေအနက်က 'အဓိက' တခုကတော့ 'ကျူးဘားတော်လှန်ရေးနှစ်ငါးဆယ်' နဲ့ ရုရှား၊ တရုတ်၊ ကျူးဘား 'ဆိုရှယ်လစ်တော်လှန်ရေး' ဟာ ရှိသေးရဲ့လားပါကွယ်"

'ဆရာ့ခေါင်းစီးတွေက သိပ်ကိုစီးပါတယ်ဆရာ၊ ဝေမျှပါဦးဆရာ'

## (၂)

"၁၉၆၀ ခုနှစ်အလွန်မှာ ကျူးဘားတော်လှန်ရေးနဲ့ ဒေါက်တာ 'ကတ်စထိုရို' (ဥပဒေ) နဲ့ ဒေါက်တာ 'ချေဂွေဘာရာ' (ဆရာဝန်) တို့အကြောင်းကို ပထမဆုံးမြန်မာနိုင်ငံမှာဖောက်သည်ချပြီး ပြောပြရေးပြသူကတော့ ကိုယ်တို့ရဲ့ 'လင်းယုန်မောင်မောင်' ပါပဲကွယ်"

'နားထောင်ပါရစေဆရာ'

"ဒီနောက်မှာ ကိုမောင်မောင်ဟာ 'ဟစ်တလာ' ကိုစုစည်းရေးပြန် တော့၊ ပိုပြီးပေါက်ပြန်ပါတယ်၊ ဟစ်တလာနဲ့တွဲဘက်ပြီးဖတ်ရမယ့်စာအုပ်တွေ ကတော့ 'ဘူလ်ဂေးရီးယား' က 'ထီမီထရော့' ရယ်၊ ပြီးတော့ မောင်ကိုယုရဲ့ 'ချက်ကိုစလိုဗားကီးယား' က 'ဂျူးလီယက်ဖူးချစ်' ရယ်တို့ဖြစ်ကြပါတယ်"

'ဟုတ်ကဲ့ဆရာ၊ နားထောင်နေပါတယ်'

"ဒုတိယကမ္ဘာစစ်ဖြစ်လာတော့ ဟစ်တလာရဲ့ ဖက်ဆစ်စနစ်ကြီးပေါ်လာတယ်၊ ဥရောပထဲက နိုင်ငံရေးအရနဲ့ စာပေရေးအရ၊ ခုခံပြန်ချသူတွေက 'ထီမီထရော့' နဲ့ 'ဂျူးလီယက်ဖူးချစ်' တို့ဖြစ်ကြပါတယ်၊ စစ်အပြီးမှာ ကမ္ဘာ့နောက်ဘက်ခြမ်းမှာ သွေးစုပ်ချယ်လှယ်နေသူက 'ကျူးဘား' မှာ 'ဘာတစ် စတာ' (Batista) ဖြစ်တယ်၊ သူဟာ ၁၉၅၂ ခုနှစ်မှာ ဒုတိယအကြိမ်အာဏာ သိမ်းပြီး စစ်အာဏာရှင်ဖြစ်လာသူက 'ဘာတစ်စတာ' ဖြစ်တယ်"

'ဟုတ်ကဲ့ဆရာ၊ ဆက်ပါ'

"အဲဒီမှာ ရှေ့နေပေါက်စ 'ကတ်စထိုရို' ဟာ ဘာတစ်စတာကိုဆန့်ကျင်ရာက ထောင်ဒဏ် ၁၅ နှစ်ကျပါတယ်၊ ကတ်စထရိုဟာ တရားရုံးမှာ မိမိအတွက်မလျှောက်လဲဘဲ ကျူးဘားနိုင်ငံ ကျူးဘားပြည်သူတွေဖိနှိပ်ခံရပုံ၊ ဆင်းရဲမွဲတေပုံတွေကိုလျှောက်လဲသွားတဲ့အတွက် သူ့လျှောက်လဲချက်ဟာ ကမ္ဘာကျော်လျှောက်လဲချက်ဖြစ်ခဲ့ပါတယ်"

'ကျူးဘားရဲ့အောင်ပွဲခံယူပုံလည်း ပြောပြပါဦးဆရာ'

"ဘာတစ်စတာဟာ ရွေးကောက်ပွဲမလုပ်မီ ၁၉၅၅ ခုနှစ်မှာ အထွေထွေနဲ့လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပါတယ်၊ ကတ်စထရိုအပါအဝင် ထောင်ထဲကလူတွေ လွတ်မြောက်လာပါတယ်၊ ဒီအချိန်မှာ ကျူးဘားရဲ့မြေတွေ၊ သကြားခင်းတွေကိုပိုင်ဆိုင်သူကတော့ အမေရိကန်အလုပ်ရှင်တွေပဲဖြစ်နေပြန်ပါတယ်၊ ဖေဖော်ဝါရီလထဲမှာထောင်ကထွက်လာတဲ့ကတ်စထရိုနဲ့ သူ့ရဲ့ဘော်တွေဟာ ဂျူလိုင် ၂၆ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စု 'မက္ကစီကို' မှာဆုံကြပါတယ်၊ ကတ်စထရို (Fildel Castro) ရယ်၊ သူ့ရဲ့ဘော် ချေဂွေဘာရာ (Che Guevara) ရယ်၊ သူ့ညီ 'ရောင်းကတ်စထရို' (Raul Castro) ရယ်အပါအဝင်ဖြစ်ပြီး ကျူးဘားကိုတက်သိမ်းဘို့ ဆုံးဖြတ်ကြပါတယ်"

'ဩော် ဒါကြောင့် ဂျန်နဝါရီ ၉ ရက် ၁၉၅၉–၂၀၀၉ ခုနှစ်ဟာ ကျူးဘားရဲ့တော်လှန်ရေး အနှစ်ငါးဆယ်ပြည့်ကိုးဆရာ'

## (၃)

'ဒါနဲ့ သိချင်လို့မေးပါရစေဆရာ၊ 'ကမ္ဘာ့မြောက်ပိုင်းမှာက ရုရှား' 'အရှေ့ခြမ်းမှာက တရုတ်'၊ 'အနောက်ဘက်မှာက ကျူးဘား'၊ အဲဒီမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀၊ နှစ်ပေါင်း ၆၀၊ နှစ်ပေါင်း ၅၀ က ဆိုရှယ်လစ်တော်လှန်ရေးဟာ ခုများရှိသေးရဲ့လား၊ ရှိရင်လည်း ဘယ်လိုပုံစံနဲ့ရှိနေပါသေးသလဲဆရာ'

"တချိန်က ဆိုဗီယက်ယူနီယံလို့ခေါ်တဲ့ ရုရှားမှာတော့ ၁၉၁၇ ခုနှစ်က 'လီနင်' တို့ 'စတာလင်' တို့လက်ထက်မှာစတင်ထူထောင်ခဲ့တဲ့ကွန်မြူနစ် ပါတီနဲ့ ဆိုရှယ်လစ်တော်လှန်ရေးဟာ 'ဂိုဘာချော့' နဲ့ 'ဘောရစ်ယဲလ်ဆင်' တို့လက်ထက်မှာ စတင်ပြိုပျက်ခဲ့ရာက 'ပူတင်' လက်ထက်မှာတော့ ကွန်မြူနစ်ဆိုပြီးပြသဘို့တောင် ခက်ခဲလာပါတယ်၊ ခုလောလောဆယ်တော့ ပူတင်တို့ဆရာတပည့်ပါတီရယ်၊ အတိုက်အခံဆိုပြီးရှိနေတာက 'စစ်တုရင်ချန်ပီယံ' ကြီးရယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ ရေနံတွေ၊ ဓါတ်ငွေ့တွေနဲ့ နေ့ချင်းညချင်းကြွယ်ဝလာတဲ့ မီလီယံနာနဲ့ ဘီလီယံနာတွေပါပဲကွယ်"

'ဟုတ်ကဲ့ဆရာ၊ လောလောဆယ် ရုရှားရဲ့အဓိကထွက်ကုန်နဲ့ တင်ပို့တဲ့ပစ္စည်းကတော့ ဆရာပြောတဲ့ ဓါတ်ငွေ့နဲ့ရေနံတွေပါပဲ၊ ဆိုက်ဘေးရီးယားကြမ်းပြင်နဲ့ အာတိတ်ရဲ့ကြမ်းပြင်အောက်မှာပါ ရေနံနဲ့ဓါတ်ငွေ့ဟာ ရရှိဘို့ရှိနေတော့ ဆွဲဆောင်မှုက အားကောင်းနေပါတယ်ဆရာ၊ တရုတ်ပြည်အကြောင်းလည်း ဆက်ပြောပါဦးဆရာ'

"တရုတ်က ရုရှားလို ရေနံလည်းမရဘူး၊ ဓါတ်ငွေ့လည်းမရနိုင်ဘူး၊ ရေရှည်မှာ မြန်မာပြည်နဲ့ ဆူဒန်ကဓါတ်ငွေ့တွေ၊ ရေနံတွေနဲ့လည်း လုံလောက်မှာမဟုတ်ဘူး၊ တရုတ်ရဲ့လူဦးရေ သန်းပေါင်းတထောင့်သုံးရာကျော်ကိုကျွေးမွေးဘို့က ပိုလို့အရေးကြီးနေပါတယ်"

'တောကမြို့ပေါ်ရောက်နေတဲ့လူတွေအတွက်လည်း စက်ရုံအလုပ်ရုံတွေပိတ်ကုန်တော့ တောကိုပြန်ရပြီး နှစ်ဆန်းတရက်နေ့မတိုင်မီမှာကျင်းပတဲ့ တရုတ်ကွန်မြူနစ်ပါတီအစည်းအဝေးမှာတော့ "ဟူဂျင်းတောင်" က မော်စီတုံးနဲ့တိန်ရှောင်ပင်ကိုပဲ ကိုးကားပြီးပြောနေတယ်ဆရာ'

"အေးလေ 'ဘရက်အိုဘားမား' ကတော့ သမတအဖြစ်ကျမ်းမကျိန်မီပြောတာတွေက သမတ 'လင်ကွန်း' ရယ်၊ သမတ 'ဖရင်ကလင်ရုဇဘဲ' ရယ်ပါနေသလိုပေါ့ကွယ်၊ ကိုးကားတာတွေက အခက်အခဲမရှိပါဘူး၊ လုပ်ကြည့်ဘို့ ကခက်ခဲပါတယ်၊ လူတွေဟာ ခုကျရောက်တဲ့စီးပွါးရေးအခက်အခဲကိုကျော် လွှားဘို့နည်းလမ်းရှာမယ့်အစား 'ရုဇဘဲ' လက်ထက်က စီးပွါးရေးအကျပ်ဆိုက်ရောက်မှု depression ကိုပြောလိုက်၊

စာမျက်နှာ ၁၇ သို့

# ဗကသကျောင်းသား ဒီပြိမ်းလင်းကို ထောင်ဒဏ် ၅ နှစ် ထပ်မံချမှတ်

**DVB । ဖေဖော်ဝါရီ ၅ ။** ။ အာဏာပိုင်တွေက အင်းစိန်ထောင်မှာဖမ်းဆီးထားတဲ့ ၂၀၀၇ ဗကသကျောင်းသားခေါင်းဆောင် ဒီပြိမ်းလင်းကို တောင်ဒဂုံမြို့နယ်တရားရုံးက မတရားသင်းဖွဲ့စည်းမှုနဲ့ ထောင်ဒဏ် ၅ နှစ် ထပ်မံချမှတ်ပါတယ်။

ဒီပြိမ်းလင်းကို ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂဖွဲ့စည်းမှုနဲ့ ယမန်နေ့က ထပ်မံစီရင်ချက်ချတာကြောင့် စုစုပေါင်း ထောင်ဒဏ် ၁၅ နှစ်ခွဲရှိသွားပါပြီ။ ဒီပြိမ်းလင်းကို ယမန်နှစ် နိုဝင်ဘာ ၁၉ ရက်မှာ နိုင်ငံတော်တည်ငြိမ်မှုကိုထိခိုက်စေမှု ပုဒ်မ ၅၀၅–ခ အပါအဝင် ပုဒ် ၄ ခုနဲ့ စန်းချောင်းမြို့နယ်တရားရုံးက ထောင်ဒဏ် ၆ နှစ်ခွဲ စီရင်ချက်ချပါတယ်။ နောက် ၉ ရက်အကြာမှာ ထန်းတပင်မြို့နယ်တရားရုံးက ပုဒ်မ ၅၀၅–ခ၊ ရှန်းရင်းဆန်ခတ်မှု ပုဒ်မ ၁၄၇ တို့နဲ့ ထောင်ဒဏ် ၄ နှစ်ချမှတ်ပြန်ပါတယ်။ အသက် ၂၀ ရှိပြီဖြစ်တဲ့ ဒီပြိမ်းလင်းဟာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ဘူမိဗေဒနောက်ဆုံးနှစ်တန်းမှာပညာသင်ယူနေစဉ် အဖမ်းခံရတာဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်လည်းမရပါဘူး။ ရန်ကုန်စီးပွားရေးတက္ကသိုလ်နားမှာကောက်ရတဲ့ စာရွက်တရွက်၊ စွမ်းအားရှင်တဦးရဲ့သက်သေထွက်ဆိုချက်တို့ကိုအခြေခံပြီး အာဏာပိုင်တွေက ဒီပြိမ်းလင်းကိုတရားစွဲတာလို့ ဒီပြိမ်းလင်းရဲ့အဒေါ်ကပြောပါတယ်။

"ဗဟန်းက စွမ်းအားရှင်ဆိုတဲ့ ဦးအောင်ထူးဆိုတဲ့လူ သက်သေလာထွက်တော့ သူ့ကိုယ်သူစွမ်းအားရှင်ပါတဲ့၊ စွမ်းအားရှင်ဆိုတာ တရားဝင်အသင်းအဖွဲ့လားမေးတော့ သူတို့ ဘာမှမပြောနိုင်ဘူး၊ သူတို့က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေလုပ်ရတယ်တဲ့ သူတို့အဖွဲ့က၊ အခု ဒီပြိမ်းလင်းလုပ်တာကလည်း နိုင်ငံရေး၊ ပြည်သူတွေကောင်းဖို့လုပ်တာပဲ၊ ဘာအပြစ်မှမရှိဘူး၊ ကျောင်းသားသမဂ္ဂဖွဲ့တယ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းခေတ်ကတည်းကလုပ်ခဲ့တဲ့ကိစ္စ၊ ဒါကို မတရားသင်းဖွဲ့ပါတယ်ဆိုပြီး တရားစွဲပြီးထောင်ချလိုက်တယ်၊ မတရားလုပ်တယ်လို့ကိုယ်ယူဆတယ်၊ သူတို့ကျတော့ သူတို့မှာ ဥပဒေမရှိဘူး၊ လုပ်ချင်တိုင်းလုပ်လို့ရတယ်၊ ဒီကလေးတွေကျတော့ တခုခုမှားတာနဲ့ သူတို့က ပုဒ်မတွေတပ်၊ ဖမ်းမယ် ထောင်ချမယ်"

ဒီပြိမ်းလင်ဘက်ကတင်ပြတဲ့သက်သေနဲ့ ရှေ့နေရဲ့တင်ပြချက်တွေကို တရားရုံးကပယ်ချလိုက်တာလို့လည်းပြောပါတယ်။

"သူတို့ဘက်ကကျတော့ လမ်းဘေးမှာကောက်ရတဲ့စာရွက်တရွက်နဲ့ ကွန်ပြူတာဆိုင်မှာ ဘယ်ဆိုင်မှာပဲဖြစ်ဖြစ် စာစီလို့ရတဲ့စာရွက်တရွက်နဲ့ တရားစွဲတဲ့အခါ သက်သေခိုင်လုံတယ်ဆိုပြီး ထောင်ချတယ်၊ ဒါ တရားဥပဒေစိုးမိုးချင်းရှိမှ မရှိတာ"

ဒီပြိမ်းလင်းကို ဒီလိုပြစ်ဒဏ်ချမှတ်တာဟာ လူငယ်တွေ တက်ကြွလှုပ်ရှားမယ့်အရေးကို ခြိမ်းခြောက်ဟန့်တားတဲ့ရည်ရွယ်ချက်လို့ ထင်မြင်ယူဆတယ်လို့လည်းပြောပါတယ်။

"ဒါပေမဲ့ လူတွေရဲ့စိတ်ထဲမှာ ကြောက်စိတ်ရှိတယ်လို့မထင်ဘူး၊ လူတွေက အခွင့်မသာသေးလို့သာ" ဒီပြိမ်းလင်းရဲ့ဖခင် ၈၈ မျိုးဆက်ကျောင်း သားကိုဇော်ဇော်မင်းကိုလည်း အာဏာပိုင်တွေက ယမန်နှစ်နိုဝင်ဘာမှာ ထောင်ဒဏ် ၆၅ နှစ် ချမှတ်ခဲ့ပါတယ်။

---

# အလောင်းကောက်သူကို တရားစွဲ

**DVB । ဖေဖော်ဝါရီ ၅ ။** ။ နာဂစ်မုန်တိုင်းဘေးသင့်တဲ့ဒေသ ဘိုကလေးမြို့တွင် လူ သေအလောင်းတွေကိုလိုက်လံကောက်ယူသင်္ဂြိုဟ်ခဲ့တဲ့ ဗကသကျောင်းသားတွေကို အာဏာပိုင်တွေကတရားစွဲလိုက်ပြီလို့ မိသားစုဝင်တဦးကပြောပါတယ်။

၂၀၀၇ ဗကသကျောင်းသားတွေဖြစ်တဲ့ မဖြိုးဖြိုးအောင်၊ ကိုရှိန်းရာဇာ ထွန်း၊ ကိုအောင်သန့်ဇင်ဦး (ဂျိမ်း)၊ ကိုအောင်ကျော်ဆန်း၊ ကိုဖုန်းပြည့်ကြွယ်နဲ့ မဖြိုးဖြိုးအောင်ရဲ့ဖခင် ဒေါက်တာနေဝင်းတို့ကို အင်းစိန်ထောင် အထူးတရားရုံးမှာ တရားစွဲလိုက်တာပါ။ မဖြိုးဖြိုးအောင်နဲ့ ကိုရှိန်းရာဇာထွန်းတို့ကို မတရားသင်းဖွဲ့စည်းမှု ပုဒ်မ ၆–၇ ၊ နိုင်ငံတော်တည်ငြိမ်မှုကိုထိခိုက်စေမှု ၅၀၅–ခ တို နဲ့ စွဲချက်တင်ပါတယ်။

ကိုအောင်သန့်ဇင်ဦးကို ဥပဒေနဲ့ဆန့်ကျင်သည့်အဖွဲ့အစည်းမှာပါဝင်မှု ပုဒ်မ ၁၄၃၊ ဥပဒေနှင့်ဆန့်ကျင်သောအစုအဝေး၌ပါဝင်မှု ပုဒ်မ ၁၄၅၊ ပုဒ်မ ၅၀၅–ခ၊ ပုဒ်မ ၆–၇ တို့နဲ့ စွဲချက်တင်ထားပါတယ်။ ဒေါက်တာနေဝင်း၊ ကိုအောင်ကျော်ဆန်း၊ ကိုဖုန်းပြည့်ကြွယ်တို့ကို ပုဒ်မ ၆–၇ နဲ့ တရားစွဲတာဖြစ်ကြောင်း သိရှိရပါတယ်။

---

# စီအဲန်ဂျီဆိုတဲ့စာသားကို Change New Government ဆိုပြီး မျိုးဆက်သစ်လူငယ်များက စာဖြန့်ဝေ

**DVB । ဖေဖော်ဝါရီ ၅ ။** ။ ဂျန်နရေးရှင်းဝေ့ဗ်လို့ခေါ်တဲ့ မျိုးဆက်သစ်လူငယ်များ အစည်းအရုံးက ဒီနေ့ရန်ကုန်မှာ စာတွေဖြန့်ဝေခဲ့ကြတယ်လို့သိရပါတယ်။ CNG (Change New Government) လို့ ရေးထားတဲ့စာတွေကို ရန်ကုန်မြို့ ရဲ့ လူစည်ကားရာနေရာတွေမှာ ဒီကနေ့မနက်ပိုင်းကဖြန့်ဝေတယ်လို့ မျိုးဆက်သစ်လူငယ်များအစည်းအရုံးအဖွဲ့ဝင်တွေကပြောပါတယ်။

ရန်ကုန်မြို့ရဲ့ လူစည်ကားရာနေရာတွေအပါအဝင် တောင်ဥက္ကလာပ၊ ရန်ကင်း၊ ကမ္ဘာအေး စတဲ့နေရာတွေမှာ စာတွေဖြန့်ဝေသလို ပိုစတာတွေပါကပ်တယ်လို့ အဖွဲ့ဝင် ကိုမိုးသွေးကပြောပါတယ်။

"မနက်စောစောမှာ ကျနော်တို့ဖြန့်ကြတယ်၊ ဒဂုံ ၁ ကျောင်းနဲ့ ယုဇနဂါးဒင်းဟိုတယ်နားက တံတားတခုမှာလုပ်တယ်၊ သံတမန်တွေနေအိမ်ဝင်းရှေ့မှာကပ်တယ်၊ တိရစ္ဆာန်ရုံဘေးနားက သံချပ်ကာတပ်ရင်းခြံစည်းရိုးတွေမှာ ဆေးမှုတ်တာတွေ၊ စာကပ်တာတွေလုပ်တယ်"

ဘယ်လိုမျှော်လင့်ချက်နဲ့ ဒီစာတွေဖြန့်ဝေတာလဲဆိုတာကိုမေးတဲ့အခါ မှာ ကိုမိုးသွေးက အခုလိုရှင်းပြပါတယ်။

"သူတို့ရဲ့ စီအဲန်ဂျီပရောဂျက်ကြီးကို ဟာသလုပ်ချင်တာလည်းပါတယ်၊ စစ်အုပ်စုက ကားတွေမှာ စီအဲန်ဂျီတံဆိပ်တွေကပ်ထားတယ်၊ ကားတွေကို ဓာတ်ဆီကနေ သဘာဝဓာတ်ငွေ့ စီအဲန်ဂျီပြောင်းသုံးခိုင်းတယ်၊ သူတို့ထွင်ထားတဲ့ တံဆိပ်အပေါ်မှာပဲ ကျနော်တို့ပြောချင်တဲ့အဓိပ္ပာယ်ကိုပြောင်းပြီးမှ လူထုကိုနှိုးဆော်တဲ့သဘောပါပဲ၊ ကားတွေမှာ စီအဲန်ဂျီဆိုတဲ့တံဆိပ်ကိုတွေ့ရင် လူတွေက ဒီစီအဲန်ဂျီဆိုတာ ဒီအစိုးရကြီးကို အသစ်ပြောင်းမှဖြစ်မယ်ဆိုတဲ့အဓိပ္ပာယ်ကိုမြင်အောင်လို့ လုပ်တာလည်းပါတယ်"

အခု တကမ္ဘာလုံးမှာ အပြောင်းအလဲဆိုတဲ့အသံက ကျယ်ကျယ်လောင်လောင်ထွက်နေတယ်လို့ယူဆပြီး အထူးသဖြင့် မျိုးဆက်သစ်လူငယ်တွေက အပြောင်းအလဲအသစ်တွေကို တောင့်တနေကြောင်း၊ ပိုပြီးကောင်းမွန်သာယာတဲ့အနာဂတ်တွေ လိုချင်နေကြောင်း၊ အလားတူ မြန်မာနိုင်ငံက လူငယ်တွေကလည်း ထူးခြားကောင်းမွန်တဲ့အပြောင်းအလဲတွေ လိုချင်နေတယ်ဆိုတာကို ကိုယ်စားပြုပြီးပြောပေးတဲ့သဘောဖြစ်ကြောင်း ကိုမိုးသွေးကပြောပါတယ်။

ဖြန့်ဝေတဲ့စာတွေကို ဘယ်သူတွေလက်ခံရရှိပြီးဖတ်ရှုတယ်ဆိုတာ တော့ မသိရသေးပါဘူး။ မျိုးဆက်သစ်လူငယ်များအစည်းအရုံးကို ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ကဖွဲ့စည်းခဲ့တာဖြစ်ပြီး မျိုးဆက်သစ်လူငယ်ကျောင်းသားတွေနဲ့ အနုပညာရှင်တွေ ပါဝင်ပါတယ်။ စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ အဖွဲ့ဝင် ၂၀ နီးပါးရှိတယ်လို့လည်း ဆိုပါတယ်။ ထိန်းသိမ်းခံရသူတွေထဲမှာ အက်ဆစ်အဖွဲ့ဝင် ဟစ်ပ်ဟော့အဆိုတော် ကိုဇေယျာသော်အပါအဝင် ၈ ဦးကို စစ်အုပ်စုအာဏာပိုင်တွေက ထောင်ဒဏ် ၅ နှစ်ကနေ ၁၃ နှစ်အထိ ချမှတ်ထားပါတယ်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မိတ္ထီလာ ရမည်းသင်း မြင်းခြံ ၃ ခရိုင်စည်းဝေး

**DVB ၊ ဖေဖော်ဝါရီ ၁ ။** ။ ဒီနေ့ကြုံတွေ့နေရတဲ့လူထုအကျပ်အတည်းနဲ့ပတ်သက်ပြီး ဖြေရှင်းနိုင်ဘို့ လူထုပါဝင်နိုင်တဲ့လှုပ်ရှားမှုတွေကို မကြာခင်ဖော်ဆောင်ဘို့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မိတ္ထီလာ၊ ရမည်းသင်း၊ မြင်းခြံ ၃ ခရိုင်က စတင်ကြိုးပမ်းနေပြီလို့ မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးကပြောပါတယ်။

မိတ္ထီလာမြို့နယ်အဖွဲ့ချုပ်ရုံးမှာ ဒီနေ့ကျင်းပခဲ့တဲ့ ၃ ခရိုင်အစည်းအဝေးတွင်း ဆွေးနွေးခဲ့ကြတာလို့ ဒေါ်မြင့်မြင့်အေးကပြောပါတယ်။ ဒီဆွေးနွေးမှုအပြင် ဒီနေ့အစည်းအဝေးမှာချမှတ်တဲ့ဆုံးဖြတ်ချက်တွေကတော့ မစ္စတာဂမ်ဘာရီအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးနဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်အောင် ကြိုးပမ်းပေးဘို့၊ အခြားသောနိုင်ငံရေးသမားတွေကို မတရားသင်းပုဒ်မနဲ့ အရေးယူထောင်ချသလိုမျိုး၊ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိတဲ့ ဝံသာနုအဲန်အဲလ်ဒီ၊ အမျိုးသားနိုင်ငံရေးအဲန်အဲလ်ဒီလူငယ် စတဲ့ အဖွဲ့တွေရဲ့လုပ်ရပ်တွေကိုလည်း ဥပဒေနဲ့အညီအရေးယူပေးဘို့၊ ဗဟိုအလုပ်အမှုဆောင်ကြေညာ ချက် ၁၈ ချက်ကိုထောက်ခံကြောင်းနဲ့ ဒီတောင်းဆိုချက်ကို နအဖဘက်ကလိုက်လျောပေးဘို့အပါအဝင် တောင်းဆိုချက် ၅ ချက်ချမှတ်ခဲ့တယ်လို့ ဒေါ်မြင့်မြင့်အေးကပြောပြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးရေး၊ တပြည်လုံးကပိုင်းဝန်းတောင်းဆိုပေးဘို့ မေတ္တာရပ်ခံထားတဲ့ အဖွဲ့ချုပ်ဗဟိုကထုတ်ပြန်ချက်နဲ့ပတ်သက်ပြီးတော့လည်း ဒီနေ့အစည်းအဝေးကို တက်ရောက်သူ တောင်သာမြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်အောင်ကပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုင်းရင်းသားခေါင်းဆောင် ခွန်ထွန်းဦးတို့လိုပုဂ္ဂိုလ်မျိုးတွေ၊ ၈၈ မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်တို့လိုပုဂ္ဂိုလ်မျိုးတွေမလွှတ်ဘဲနဲ့ အမျိုးသားရေးပြဿနာကို ဖြေရှင်းလို့မရဘူး၊ ဒါကြောင့် ဒီပုဂ္ဂိုလ်တွေအားလုံး နိုင်ငံရေးအကျဉ်းသားတွေအားလုံးကိုလွှတ်ပေးပြီးမှ စစ်အုပ်စုနဲ့တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ သင့်မြတ်ရေးကိုလုပ်ကြရအောင်ဆိုတဲ့ တောင်းဆိုချက်မျိုးမှာ ပြည်သူတရပ်လုံးကပါဝင်သင့်တယ်၊ အချိန်ကာလအနေနဲ့ကလည်း အလုပ်သင့်ဆုံးမို့လို့ တပြည်လုံးအတိုင်းအတာအရ ပြည်သူလူထုပါအတူလက်တွဲပြီးတော့ လုပ်သင့်တယ်၊ တိုက်ပွဲဝင်သင့်တယ်လို့ မိတ္ထီလာခရိုင်အနေနဲ့ရောကျနော်တို့တောင်သာမြို့နယ်စည်းအနေနဲ့ပါ တောင်းဆိုချင်တယ်"

တနင်္သာရီတိုင်း ထားဝယ်မြို့နယ် သဲချောင်း၊ ရေကြည်၊ ထားဝယ်မြို့နယ် ၃ ခုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေကလည်း ထားဝယ်မြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘစိန်အိမ်မှာ ဒီနေ့တွေ့ဆုံပြီး စကားဝိုင်းတခုပြုလုပ်ခဲ့ပါတယ်။ စကားဝိုင်းမှာ ထားဝယ်မြို့နယ်အဲန်အဲလ်ဒီအနေနဲ့ မြိတ်၊ ကော့သောင်း၊ ထားဝယ်မှာရှိနေတဲ့ နိုင်ငံရေးအကျဉ်းသား ၁၃ ဦးအတွက် အကူအညီပေးနေပုံကို ဦးဘစိန်ကပြောပါတယ်။

"သတင်းဌာနတွေကပြောတဲ့စကားတွေ ဝေဖန်ပြောဆိုဆွေးနွေးကြ တယ်၊ တနင်္သာရီတိုင်းမှာ ထောင်ဝင်စာတွေ့ဘို့လာသူဆိုတာ ကျနော့်ဆီပဲ တိုက်ရိုက်ဆက်သွယ်ပြီးလာတယ်၊ ကျနော်တို့ နေထိုင်စားသောက်ဘို့၊ ထောင်ဝင်စာတွေ့နိုင်ဘို့ အစစအရာရာကူညီပေးပါတယ်၊ ထောင်ဝင်စာတွေ့မယ်ဆို ရင်ကူညီပေးပါလို့ အဲန်အဲလ်ဒီဗဟိုက ညွှန်ကြားထားတာရှိတယ်၊ ညွှန်ကြားချက်အတိုင်းပဲ ကျနော်တို့လုပ်တာ၊ ဒီကနေပြီးကူညီပေးတော့ အဆင်ပြေတာပေါ့၊ တနင်္သာရီတိုင်းမှာ အကုန်လုံး ၁၂ ယောက်ရှိတယ်၊ ထားဝယ် ထောင် မှာ ၂ ယောက်၊ မြိတ်ထောင်မှာ ၃ ယောက်၊ နောက်ပြီး ကော့သောင်းမှာ ၇ ယောက်၊ ကော့သောင်း"။

# စီးပွားပိတ်ဆို့မှုရပ်ဖို့ နအဖတောင်းဆို

**VOA ၊ ဖေဖော်ဝါရီ ၄ ။** ။ မြန်မာနိုင်ငံကအတိုက်အခံဒီမိုကရေစီအင်အားစုတွေနဲ့ စစ်အာဏာရှင်အကြား တွေ့ဆုံဆွေးနွေးမှုတွေဖြစ်ပေါ်ရေး ကြားဝင်စေ့စပ်ပေးတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးသံတမန် Mr.Gambari ဟာ သူ့ရဲ့ဆောင်ရွက်မှု မအောင်မမြင်ဖြစ်ခဲ့ပြန်ပြီး ဒီအကြိမ်လည်း လက်ဗလာနဲ့ မြန်မာနိုင်ငံက ယမန်နေ့က ပြန်လည်ထွက်ခွာသွားခဲ့ပါပြီ။

ရန်ကုန်မြို့ကနေ စက်ဘုတ်ကို မနေ့ညနေကမထွက်ခွာခင် Mr.Gambari ဟာ နအဖစစ်အုပ်စုဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်နဲ့တွေ့ဆုံခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှုကိုတွေ့ချင်ရင် နိုင်ငံတကာကချမှတ်ထားတဲ့ စစ်အစိုးရအပေါ်ဒဏ်ခတ်ပိတ်ဆို့မှုတွေကိုရုပ်သိမ်းပြီး စစ်အုပ်စုခေါင်းဆောင်တွေကိုပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ထားမှုတွေကို ပယ်ဖျက်ပေးဘို့လိုတယ်လို့ Mr.Gambari ကို ဗိုလ်ချုပ်သိန်းစိန်ကပြောကြားတဲ့အကြောင်း မြန်မာစစ်အုပ်စု ရုပ်မြင်သံကြားမှာ ကြေညာဖတ်ကြားသွားခဲ့ပါတယ်။

တနင်္လာနေ့ကတော့ နေအိမ်မှာအကျယ်ချုပ်နဲ့ အကျဉ်းကျခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ Mr.Gambari တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုခံရရေးဟာ အနာဂတ် စစ်အစိုးရနဲ့တွေ့ဆုံဆွေးနွေးရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လိုအပ်ချက်ဖြစ်နေဆဲပဲလို့ Mr.Gambari ကို ဒေါ်အောင်ဆန်းစုကြည်ကပြောဆိုခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးဘို့ရန်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုလိုက်ပါတယ်။

Mr.Gambari ဟာ ဗိုလ်ချုပ် ကျော်ဆန်း ဦးဆောင်တဲ့ မြန်မာစစ်အုပ်စုရဲ့ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နဲ့ လည်း တွေ့ဆုံခဲ့ပါတယ်။ Mr.Gambari ဟာ နေပြည်တော်ကိုလာရောက်ဖို့ ဖိတ်ကြားခြင်းမခံရဘဲ ဗိုလ်ချုပ်သန်းရွှေနဲ့ တခြားစစ်ကောင်စီဝင် ထိပ်တန်းဗိုလ်ချုပ်ကြီးတွေနဲ့လည်း တွေ့ဆုံခွင့်မရခဲ့ပါဘူး။

# ပါတီလုပ်ငန်းများအရှိန်မြှင့်ရေးဆွေးနွေး

**DVB ၊ ဖေဖော်ဝါရီ ၅ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လုပ်ငန်းတွေ အရှိန်မြှင့် ဘို့ ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့ဝင်တွေ ဒီနေ့ဆွေးနွေးကြပါတယ်။ ရွှေဂုံတိုင် လမ်းရှိ အဖွဲ့ချုပ်ဗဟိုရုံးချုပ်မှာဆွေးနွေးကြတာဖြစ်ပြီး ရန်ကုန်တိုင်းဥက္ကဋ္ဌ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးမြင့်ကဦးဆောင်ပါတယ်။

အဖွဲ့ချုပ်ကထုတ်ပြန်တဲ့ ၁/ဝ၉ ကို ကဆိုထောက်ခံကြောင်း အဓိကဆွေးနွေးကြပြီး ဒီထောက်ခံချက်ကိုလက်မှတ်ထိုးပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ထံပေးပို့မှာလို့ အဖွဲ့ချုပ် ရန်ကုန်တိုင်းအတွင်းရေးမှူး ဒေါက်တာဝင်းနိုင်ပြောပါတယ်။ ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့ဝင်တွေက နယ်မြို့တွေမှာကွင်းဆင်းစည်းရုံးရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ ဆွေးနွေးကြတယ်လို့လည်း ဒေါက်တာဝင်းနိုင်ကပြောပါတယ်။

"နာဂစ်ပြီးတဲ့နောက်ပိုင်းမှာ နာဂစ်ကိစ္စကိုအားသွန်ခွန်စိုက်လုပ်နေရတဲ့အတွက် မြို့နယ်တွေမှာ ကျနော်တို့စည်းရုံးရေးလုပ်ငန်းနဲ့ ဖွဲ့စည်းရေးလုပ်ငန်းတွေက နည်းနည်းအရှိန်ကျနေတယ်၊ ဒေါက်တာသန်းငြိမ်းတို့၊ ဒေါက်တာမေဝင်းမြင့်တို့လည်း ရန်ကုန်တိုင်းကိုပြန်ရောက်လာပြီဆိုတဲ့အခါ ကျနော်တို့အင်အားတွေဖြည့်ပြီးတော့ မြို့နယ်တွေပြန်ဆင်းပြီး စည်းရုံးရေးလုပ်ငန်းတွေလုပ်ဖို့၊ ရန်ကုန်တိုင်းမှာ မြို့နယ်တွေနဲ့ မြို့နယ်ပေါင်းစုံနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းတွင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအပါအဝင် ဒီလ တတိယပတ် နဲ့ စတုတ္ထပတ်ထဲမှာ အစည်းအဝေးတွေခေါ်မယ့်အကြောင်း ဆုံးဖြတ်တယ်"




# သတင်းတိုထွေဖတ်စရာကဏ္ဍ ကျော်စိုးကြွေး

## နအဖစစ်လက်နက်စက်ရုံသစ်

စေတုတ္တရာမြို့နယ်ထဲမှာ နအဖဟာ လက်နက်စက်ရုံသစ်တခုကို တည်ဆောက်တာတဝက်နီးပါးလောက်ပြီးစီးသွားပြီလို့ သိရပါတယ်။ အဲဒီစက်ရုံသစ် ကို ချမ်းအေးဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်တာဖြစ်ပါတယ်။ အဲဒီစက်ရုံကနေ လက်နက်တွေတင်မကဘူး၊ တင့်ကားတွေပါ ထုတ်လုပ်နိုင်တယ်လို့ သိရပါတယ်။ ချမ်းအေးဆောက်လုပ်ရေးကုမ္ပဏီဟာ စစ်တပ်အရာရှိဟောင်းတွေ ပါဝင်တဲ့ဖက်စပ်လုပ်ငန်းဖြစ်ပါတယ်။ **(MIZZIMA, 5.2.2009)**

## နာဂစ်အတွက်ဂျပန်အလှူ

ဂျပန်အစိုးရက နာဂစ်ဒေသပြန်လည်ထူထောင်ရေးအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၂.၁ သန်းလှူခဲ့တယ်လို့ သိရပါတယ်။ အဲဒီအလှူငွေကို ကုလသမဂ္ဂရဲ့ စားနပ်ရိက္ခာနဲ့စိုက်ပျိုးရေးအဖွဲ့ FAO နဲ့ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ JICA ကနေတဆင့် ပေးလှူလိုက်တာပါ။

**(MYANMAR TIMES5.2.2009)**

## ဘုန်းဘုန်းတို့ကြောင့်လျှပ်စစ်ရ

မွန်ပြည်နယ် ဘီလူးကျွန်းချောင်းဆုံမြို့နယ်တွင်းက ကျေးရွာတရွာနဲ့ ပေါင်မြို့နယ်တွင်းက ရွာတရွာမှာ ဘုန်းကြီးတွေရဲ့ကောင်းမှုကြောင့်လို့ သိရပါတယ်။ ကျေးရွာသူရွာသားတွေက အစိုးရဆီကသာမျှော်နေရင်လျှပ်စစ်မီးရမှာမဟုတ်ကြောင်းနဲ့ ဘုန်းကြီးနဲ့ ဘုန်းကြီးကျောင်းအလှူရှင်တွေကြောင့် အခုလိုလျှပ်စစ်မီးရတာလို့ ဆိုပါတယ်။ **(IMNA, 5.2.2009)**

## ကလောမှာအင်တာနက်လက်ဝါးကြီးအုပ်ခံရ

ကလောမြို့ ရွှေဥမင်စေတီအနီး စစ်ဦးစီးတက္ကသိုလ်မှာဖွင့်ထားတဲ့ တခုတည်းသောအင်တာနက်ဆိုင်မှာသာ တနာရီကို ကျပ် ၂,၀၀၀ နှုန်းနဲ့ အင်တာနက်သုံးနေရတယ်လို့ ကလောမြို့ခံ လူငယ်တဦးကပြောပါတယ်။ မြို့ခံတချို့က အင်တာနက်ဆိုင်ဖွင့်ခွင့်ရဖို့ အာဏာပိုင်တွေဆီလျှောက်ထားပေမယ့် ခွင့်ပြုချက်မရဘူးလို့ပြောပါတယ်။ အနီးဆုံး အင်တာနက်ရတဲ့ မိုင် ၄၀–၆၀ အကွာရှိ တောင်ကြီးနဲ့ မိုင် ၆၀ ဝေးတဲ့ မိတ္ထီလာမြို့တို့မှာ အင်တာနက်သုံးခ တနာရီကို ကျပ် ၄၀၀–၆၀၀ ကျသင့်တာကြောင့် ကလောမှာလည်း သင့်တင့်တဲ့နှုန်းထားနဲ့ အင်တာနက်သုံး ခွင့်ရချင်တယ်လို့ မြို့ခံကပြောပါတယ်။ **(DVB 2.2.2009)**

## တောင်ငူက ရထားပုံး

ပဲခူးတိုင်း တောင်ငူမြို့အတွင်း မီးရထားတိုင်းရုံးရှေ့ မနေ့မနက် မီးရထားတိုင်းရုံးရှေ့မှာ မြောင်းထဲမှာ စည်ပင်သာယာက အမှိုက်မီးရှို့ချိန်မှာ ပြင်းပြင်းထန်ထန် ပေါက်ကွဲတာဖြစ်ပြီး ထိခိုက်ဒဏ်ရာရတာ မရှိဘူးလို့ ဒေသခံတဦးက ပြောပါတယ်။ **(DVB 5.2.2009)**

## စောစောစီးစီးစကားပြောပါ

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းကမြန်မာစစ်အစိုးရနဲ့ အတိုက်အခံဒီမိုကရေစီအင်အားစုတွေ ဆွေးနွေးမှုတွေကို စောစီးစွာလုပ်ကြပါလို့ နယူးဒေလီရောက်တုန်းမှာ ပြောဆိုလိုက်ပါတယ်။ သူ့ရဲ့အထူးကိုယ်စား လှယ် ဂမ်ဘာရီ မြန်မာနိုင်ငံကအပြန် အိန္ဒိယကိုဝင်ပြီးအခြေအနေတွေကို အစီရင်ခံခဲ့ပြီးတဲ့နောက် ဘန်ကီမွန်းကိုယ်တိုင်အခုလိုပြောတာပါ။ **(DVB 5.2.2009)**

## ရိုဟင်ဂျာတွေကိုရိုက်နှက်သတဲ့

အင်ဒိုနီးရှားကမ်းလွန်ပင်လယ်ပြင်မှာ တွေ့ခဲ့တဲ့ ရိုဟင်ဂျာ ၂၀၀ က သူတို့တတွေဟာ ထိုင်းစစ်တပ်ရဲ့ လူမဆန်တဲ့ ရိုက်နှက်မှုများကိုလည်း ခံရတယ်ဆိုပြီး သူတို့ရဲ့ဒဏ်ရာဒဏ်ချက်တွေကို ပြသပြီး ပြောဆိုကြတယ်လို့သိရပါတယ်။ အဲဒါအပြင် သူတို့လိုရိုဟင်ဂျာ ၁၂၀၀ လောက်ဟာလည်း နှိပ်စက်ခံခဲ့ရတယ်လို့ ပြောပါတယ်။ **(AFP 4.2.2009)**

## ဝ နဲ့ နအဖ တင်းမာ

နအဖနဲ့ ဝတပ်ဖွဲ့တွေအကြား တင်းမာမှုတွေ ပိုပြီးများလာနေတယ်လို့ သိရပါတယ်။ နအဖရဲ့ စစ်တပ်ရေးရာလုံခြုံရေးအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဝ နယ်ကို ရောက်တဲ့အချိန်မှာ တင်းမာမှုတွေကြုံခဲ့ရပါတယ်။ အခုဆိုရင် နှစ်ဘက်အကြား စစ်ပြင်ဆင်မှုတွေ၊ တပ်ဖွဲ့တွေ နေရာချထားမှုတွေလုပ်နေပါ တယ်။ **(SHAN, 6.2.2009)**

### သတင်းပြက္ခဒိန်မှ

**ဖေဖော်ဝါရီ ၁၊ TNA ။ ။** မြန်မာမှုဒုက္ခသည်များအထူးသဖြင့် ရိုဟင်ဂျာများအား ကြပ်မတ်ရန် မဲဟောင်ဆောင်နယ်စပ်အား အာဏာပိုင်များမှ ညွှန်ကြားထားကြောင်း။

**ဖေဖော်ဝါရီ ၁၊ DVB ။ ။** ဂျန်နရေးရှင်းဝေ့ဗ်ခေါ် မျိုးဆက်သစ်လူငယ်များအစည်းအရုံးမှ ယနေ့ CNG(Change New Government)ဟု ရေးထားသောစာရွက်များ ရန်ကုန်မြို့ လူစည်ကားနေရာများ၊ ရန်ကင်း၊ တောင်ဥက္ကလာ၊ ကမ္ဘာအေး၊ သံတမန်ရပ်ကွက်စသည်တို့တွင် ဖြန့်ဝေခဲ့ကြောင်း ထိုအဖွဲ့ဝင်များမှဆို၏။

**ဖေဖော်ဝါရီ ၆၊ Bloomberg ။ ။** နအဖလက်မှပြေးလာသူ ရိုဟင်ဂျာဒုက္ခသည်များအား စောင့်မလက်ခံရန် ရုပ်ရှင်မင်းသမီး Angelina Jollie မှ ထိုင်းအစိုးရသို့ မေတ္တာရပ်ခံ၏။

**ဖေဖော်ဝါရီ ၆၊ UN ။ ။** မိမိအထူးသံ Mr.Gambari မှ မိမိအားမြန်မာခရီးစဉ် သူ့ထံ လျှောက်လဲအပြီးတွင် နအဖနှင့် NLD တို့အား ကန့်သတ်ချက်များမထားဘဲ ဆောလျင်စွာဆွေးနွေးရန် နယူးဒေလီရောက် ကုလအတွင်းရေးမှူးချုပ်ဘန်ကီမွန်းမှ ထိုမြို့တွင် မေတ္တာရပ်၏။

**ဖေဖော်ဝါရီ ၅၊ Reliefweb ။ ။** တချိန်က ကမ္ဘာ့စပါးကျည်မြန်မာတွင် လူဆယ်ဦးလျှင် တဦး ထမင်းမဝကြောင်း ကုလစားနပ်ရိက္ခာစာတမ်းမှဆို၏။

# နယ်စပ်ကုန်သွယ်ရေးမှာ ငွေလဲနှုန်းကို သတိနဲ့လုပ်ကြဖို့ကုန်သည်တွေက ပြောဆို

**DVB ၊ ဖေဖော်ဝါရီ ၆ ။** ။ နယ်စပ်ကုန်သွယ်ရေးမှာ ငွေလဲနှုန်းကို သတိနဲ့စောင့်ကြည့်ပြီး ထိန်းထိန်းသိမ်းသိမ်း အရောင်းအဝယ်လုပ်နေကြတယ် လို့ ကုန် သည်တွေက ပြောပါတယ်။

ထိုင်းနယ်စပ် မြဝတီ–မဲဆောက်မှာ မြန်မာဘက်က ဆန်တွေ ထိုင်းဘက်ကို ဆက်သွားနေပေမယ့် အရောင်းအဝယ်တွေ ကျနေတယ်လို့ ကုန်သည်တွေကပြောပါတယ်။ မြန်မာငွေဈေးတက်ရင် အရောင်းအဝယ်ပိုကောင်းလာစမြဲဖြစ်ပေမယ့် မြန်မာဘက်က ဝယ်အားကျနေတယ်လို့ မြဝတီက မြန်မာကုန်သည်တဦးက ပြောပါတယ်။ မြန်မာဘက်က အဝယ်လိုက်ရင် နယ်စပ်မှာ မြန်မာကျပ်အရောက်များပြီး မြန်မာငွေ တန်ဖိုးကျလေ့ရှိ တာကြောင့် အခု မြဝတီကို ကျပ်ငွေ အရောက်နည်းနေတာဟာ မြန်မာဘက်က ဝယ်အားကျနေလို့ပဲလို့ နယ်စပ်ကုန်သည်နောက်တဦးက ရှင်းပြပါတယ်။

"ကမ္ဘာ့စီးပွားရေးဂယက်နဲ့ ပတ်သက်ပြီးတော့ ယိုးဒယားငွေကလည်း တန်ဖိုးတဖြည်းဖြည်းကျတာလည်း ပါတာပေါ့လေ။" မယ်ဆိုင်–တာချီလိတ်ဘက်မှာလည်း ငွေဈေးကိုစောင့်ကြည့်နေကြလို့ အရောင်းအဝယ် သိပ်မဖြစ်ဘူးလို့ ကုန်သည်တဦးက ပြောပါတယ်၊ ဒီအပတ်ထဲမှာ တနင်္လာနေ့တရက်ပဲ ကားဘီး၊ အိမ်ဆောက်ပစ္စည်း၊ မုန့်မျိုးစုံ စတာတွေ မယ်ဆိုင်ကနေ တာချီလိတ်ဘက်ကို တင်ဆောင်တာတွေ့ရပြီး နောက်နေ့တွေမှာတော့ ကုန်ပစ္စည်းအမှာ အော်ဒါမရှိတော့တာတွေ့ရတယ်လို့ နယ်စပ်ကုန်သည်က ပြောပါတယ်။ ထိုင်ဝမ်၊ ဟောင်ကောင်စတဲ့ အာရှတိုက်သား ခရီးသွားဧည့်သည်တွေ အလည်လာလေ့ရှိတဲ့ ဒီကာ လမှာ အခုတော့ပြင်သစ်နည်းနည်းလာတာပဲ တွေ့ရတယ်လို့လည်း ဒေသခံကုန်သည်က ပြောပါတယ်။ ဘင်္ဂလားဒေ့ရှ်နယ်စပ် စာချုပ်လက်ကျန်ဆန်တွေ ဘင်္ဂလား ဒေ့ရှ်ဘက်ကို ဆက်လက်တင်ပို့နေကြပြီး တနှစ်နီးပါးရပ်နေခဲ့တဲ့ ဆံပင်အရောင်းအဝယ်ပြန်ဖြစ်လာတယ်လို့ နယ်စပ်ကုန်သည်တွေက ပြောပါ တယ်။ ဆံပင်ဈေးကတော့ အရင် တကီလိုဂရမ်ကို တာကာ ၂,၈၅၀ လောက်ဈေးရှိခဲ့ပေမယ့် အခုတော့ ၈၅၀ လောက်နဲ့ပဲ အရောင်းအဝယ်ဖြစ်နေတာလို့ ဆိုပါတယ်။ ဒီဆံပင်တွေကို တရုတ်ကုန်သည်တွေက လာဝယ်တာလို့ မောင်းတောမြို့က ဆံပင်ကုန်သည် တယောက်က ပြောပါတယ်။ အိန္ဒိယနယ်စပ် တမူး–မိုးရေးနယ်စပ်မှာလည်း မြန်မာငွေဈေးတက်တဲ့ မတည်ငြိမ်မှုကို နှစ်ဘက်ကုန်သည်တွေ စောင့်ကြည့်နေပြီး အရောင်းအဝယ်အေးနေတယ်လို့ ကုန်သည်တွေက ပြောပါတယ်၊ နန်းဖာလုံဈေးမှာ တရုတ်ပစ္စည်းတွေပဲ အရောင်းသွက်နေပါတယ်။

အိန္ဒိယ ရူပီး ၁၀၀ ကို မြန်မာ ကျပ် ၂,၁၂၀ ပါ၊ တရုတ်နယ်စပ် တရုတ်ဘက်က အဝတ်အထည်၊ အိမ်သုံးပလပ်စတစ်ပစ္စည်းတွေနဲ့ ကားအပိုပစ္စည်းတချို့မြန်မာဘက်ကို တင်သွင်းနေကြပြီး မြန်မာဘက်က ပရဆေးတွေ အပို့များ အရောင်းသွက်နေတယ်လို့ နယ်စပ်ကုန်သည်တဦးက ပြောပါတယ်။ ရွှေ ဒေါ်လာ၊ အက်ဖ်အီးစီ၊ ငွေလဲနှုန်း အခေါက်ရွှေ တကျပ်သား ကျပ် ၅၁၀,၀၀၀ (အရင်တပတ်ထက် ၅,၀၀၀ ဈေးတက်ပါတယ်။) တဒေါ်လာ – ကျပ် ၁,၁၀၀ ဝန်းကျင် အက်ဖ်အီးစီ တယူနစ် – ၉၅၀ ဝန်းကျင် တရုတ် တယွမ် – ၁၆၆ ကျပ်ဝန်းကျင် ထိုင်း တဘတ် – ၂၉ ကျပ် ပြား ၉၀ ဘင်္ဂလားဒေ့ရှ် တဒါကာ– ၁၅။

---

# အကျဉ်းသားများလွတ်ရေးတောင်းဆို

**DVB ၊ ဖေဖော်ဝါရီ ၂ ။** ။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် လူထုတရပ်လုံးက နည်းမျိုးစုံနဲ့ပါဝင်လှုပ်ရှားကြဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီတွေက လူထုကိုကြေညာတိုက်တွန်းထားပြီးဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာရှိတဲ့ မြန်မာဒီမိုကရေစီအင်အားစုတွေကလည်း အဲဒီကြေညာချက်ကိုထောက်ခံတဲ့ဆန္ဒပြပွဲတခု ဒီနေ့ပြုလုပ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ မြန်မာ့ဒီမိုကရေစီအင်အားစု ၇၀ ကျော်ဟာ နေထိုင်ရာနယူးဒေလီမြို့အနောက်ပိုင်းကနေ ဘတ်စ်ကား ၂ စီးနဲ့ ဂျန်တာမာန်တား ပန်းခြံအနီးက ပါလီမန်လမ်းမကြီးတလျှောက် ကြွေးကြော်သံများဟစ်ကြွေးပြီး ချီတက်ဆန္ဒပြကြပါတယ်။ မြန်မာ့ဒီမိုကရေစီအင်အားစုတွေဟာ ကြွေးကြော်သံတွေ တိုင်ဆိုအပြီးမှာ ဟောပြောပွဲပြုလုပ်ပါသေးတယ်။ ဟောပြောပွဲမှာ NCGUB ခေါ် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာတင့်ဆွေက ဟောပြောသွားပါတယ်။

"ပထမဦးဆုံးခြေလှမ်းအနေနဲ့ မတရားဖမ်းဆီးခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦး၊ နိုင်ငံရေးအကျဉ်းသားအားလုံး၊ ခြွင်းချက်မရှိ ချက်ချင်းလွှတ်ရပါလိမ့်မယ်၊ အဲဒီကမှ တွေ့ဆုံဆွေးနွေးရေးကိုဦးတည်ရင် ကျနော်တို့ပြည်ထောင်စုမြန်မာနိုင်ငံဟာ ဒီမိုကရေစီရရှိရေးလမ်းကြောင်းကိုရောက်စေနိုင်တယ်ဆိုတဲ့နည်းဗျူဟာသည် အင်မတန်မှအပ်စပ်ဆီလျော်တဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ ပြည်သူသို့ပန်ကြားချက်ကို လေးလေးနက်နက်ထောက်ခံကြောင်းပြသတဲ့အတွက် ခင်ဗျားတို့အားလုံးကိုချီးကျူးကြောင်းပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်"

---

# ဝန်ကြီးများ ရာထူးတာဝန်ခွဲဝေပေးအပ်

**RFA ၊ ဖေဖော်ဝါရီ ၁ ။** ။ မကြာခင်က အိုင်ယာလန်နိုင်ငံဒပ်ဗလင်မြို့မှာကျင်းပခဲ့တဲ့ MPU ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂညီလာခံမှာ NCGUB ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရအဖွဲ့ကို ဒီမိုကရေစီနည်းကျအသစ်ပြန်လည်တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ဝန်ကြီးရာထူးအသီးသီးကိုလည်း တာဝန်ပေးခန့်အပ်ခဲ့တယ်လို့ အဖွဲ့ပြောခွင့်ရ ဝန်ကြီးဦးဘိုလှတင့်က RFA ကိုပြောဆိုပါတယ်။

မူလ NCGUB အစိုးရအဖွဲ့မှာ ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းအပါအဝင် ဝန်ကြီး ၅ ဦးပါဝင်ပါတယ်။ အသစ်ပြန်လည်ဖွဲ့စည်းလိုက်တဲ့ အစိုးရအဖွဲ့သစ် မှာ ဝန်ကြီးချုပ်အဖြစ် ဒေါက်တာစိန်ဝင်း ပြန်လည်ရွေးချယ်ခံရပြီး ဒေါက်တာစန်း အောင် မပါဝင်တော့ပါဘူး။ အစိုးရအသစ်အဖွဲ့မှာ ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်း အပါအဝင် စုစုပေါင်း ဝန်ကြီး ၇ ဦးပါဝင်ပါတယ်။ အသစ်ရွေးချယ်ခံရပြီး ဝန်ကြီးအဖွဲ့မှာပါဝင်လာသူတွေကတော့ တပ်ကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်၊ သထုံမြို့နယ် မဲဆန္ဒနယ် အမှတ် ၂ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မြင့်ထွန်းနဲ့ ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်းတို့ဖြစ်ပါတယ်။

ပြန်လည်တိုးချဲ့ဖွဲ့စည်းခဲ့တဲ့ NCGUB အစိုးရသစ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးနဲ့ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဦးဘိုလှတင့်၊ သတင်းပြန်ကြားရေးနဲ့ လူထုဆက်ဆံရေးဝန်ကြီးအဖြစ် ဒေါက်တာတင့်ဆွေ၊ ပညာရေးဝန်ကြီးအဖြစ် ဦးထွန်းဝင်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးအဖြစ် ဦးဝင်းလှိုင်၊ အလုပ်သမားဝန်ကြီးအဖြစ် ဦးခွန်မြင့်ထွန်း၊ ဖက်ဒရယ်နဲ့တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ခွန်မားကိုဘန်း စသည်ဖြင့် တာဝန်အသီးသီးရယူဆောင်ရွက်ကြမှာဖြစ်တယ်လို့ဆိုပါတယ်။

NCGUB အစိုးရအဖွဲ့သစ်ရဲ့လုပ်ငန်းတွေကို ပိုမိုထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး အခုလို တာဝန်တိတိကျကျခွဲဝေသတ်မှတ်ထားရတာဖြစ်ကြောင်း၊ အစိုးရအဖွဲ့သစ်မှာ လူငယ်မျိုးဆက်သစ်တွေ တိုင်းရင်းသားတွေပါဝင်လာတဲ့အတွက် ပိုမိုအားကောင်းလာတယ်လို့ ပြောရေးဆိုခွင့်ရှိသူ ဝန်ကြီးဦးဘိုလှတင့် ပြောဆိုသွားပါတယ်။

## –ကပ်ပြေးညွန့်မှူးများကို ရွေးကောက်ပွဲစည်းရုံးခိုင်းရန်ပြင်ဆင်

**NEJ ၊ ဖေဖော်ဝါရီ ၇ ။** ။ နေပြည်တော် ဝန်ကြီးဌာနပေါင်းစုမှာ ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာအဆင့်များအား ၂၀၁၀ ရွေးကောက်ပွဲစည်းရုံးရေးလုပ်ငန်းများတွင် အသုံးချရန်အတွက် ၎င်းတို့၏ကိုယ်ရေးရာဇဝင်အချက်အလက် အသေးစိတ်ပေးရန် နအဖရုံးမှ တောင်းထားသည်။

ကိုယ်ရေးရာဇဝင်အချက်အလက်ပေါင်း ၄၀ ၊ မိသားစုပါသည့်ကိုယ်ရေးအချက်အလက်ပေါင်း ၄၀ နှင့် ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာအဆင့်များ၏ ငယ်စဉ်မှ စသည် ပညာရေးဆိုင်ရာအချက်အလက်ပေါင်း ၁၃ချက်စသည်တို့ကို အမြန်ပို့ပေးရန် တောင်းခံထားခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်ရုံးနှင့် နီးစပ်သည့် နီးစပ်သည့်သတင်းရပ်ကွက်က ပြောပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓမ္မအတည်ပြုနိုင်ရေးအတွက် အဆိုပါအရာထမ်းများအား အသုံးချခဲ့သည့်နည်းတူ လာမည့် ၂၀၁၀ ရွေးကောက်ပွဲအတွက် ညွှန်ကြားရေးမှူး သို့မဟုတ် အထွေထွေမန်နေဂျာတဦး၏ အသုံးချခဲ့သည့်နည်းတူ လာမည့်၂၀၁၀ ရွေးကောက်ပွဲအတွက် ညွှန်ကြားရေးမှူး သို့ မဟုတ် အထွေထွေမန်နေဂျာတဦး၏ လက်အောက်ခံဝန်ထမ်းတဦးဦးက သတ်မှတ်ထားသည့်စစ်အစိုးရလိုလားသူအမတ်အား မဲမပေးလျှင် ခေါင်းဆောင် ညွှန်ကြားရေးမှူး သို့မဟုတ် အထွေထွေမန်နေဂျာအား ပြင်းပြင်းထန်ထန်အရေးယူမည်ဟု နေပြည်တော်အရာရှိတဦးက ပြောသည်။

---

## စင်ပြိုင်အစိုးရတဖွဲ့လုံး မြန်မာပြည်တွင်းဝင်ပြီးလှုပ်ရှားရန်လို

**NEJ ၊ ဖေဖော်ဝါရီ ၇ ။** ။ ဒေါက်တာစိန်ဝင်းခေါင်းဆောင်သည့် စင်ပြိုင်အစိုးရအနေဖြင့် ထိရောက်သည့် ခေါင်းဆောင်မှုမပေးနိုင်ဟုယူဆသည့်အတွက် ပြည်ပတွင် စင်ပြိုင်အစိုးရဖွဲ့မည့်အစား ပြည်တွင်းသွားပြီး စင်ပြိုင်အစိုးရဖွဲ့ရန် လိုသည်ဟု သံဃာ့တပ်ပေါင်းစုခေါင်းဆောင်တဦးက အကြံပေးမိန့်ကြားသည်။

စစ်ပြိုင်အစိုးရခေါင်းဆောင် ဒေါက်တာစိန်ဝင်းဆိုသည့်အမည်ကိုပင် ပြည်ပမီဒီယာများက မကြာခဏပြောနေ၍ သဲ့သဲ့ကြားဘူးရုံရှိသော်လည်း အဝေးရောက်စင်ပြိုင်အစိုးရလုပ်ရပ်ကို မြန်မာပြည်တွင်းက ပြည်သူများမသိသည့်အတွက် လူထုထောက်ခံမှုမရှိဟု ယုံကြည်ကြောင်း အမေရိကန်ရောက် ရခိုင်ပြည်လုံးဆိုင်ရာသံဃာ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ရှင်ပညာသာမိ က ခေတ်ပြိုင်နှင့် သီးခြားဆက်သွယ်မေးမြန်းခန်းတွင် မိန့်ကြားလိုက်ခြင်းဖြစ်သည်။

ဒေါက်တာစိန်ဝင်းစင်ပြိုင်အစိုးရအပါအဝင် ပြည်ပရောက်အမတ်များအားလုံး ပြည်တွင်းဝင်ပြီး အစိုးရဖွဲ့၍ အဖမ်းခံရပါက ပြည်သူများ၏ စာနာထောက်ထားမှုအပြည့်ရနိုင်ပြီး သံဃာထု၏ထောက်ခံမှုပါ တခဲနက်ရနိုင်မည်ဟုလည်း ဆရာတော် ရှင်ပညာသာမိက ယူဆသည်။ ဒေါက်တာစိန်ဝင်းစင်ပြိုင်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အမတ်များ ပြည်တွင်းဝင်မည်ဆိုလျှင် ပြည်ပရောက်သံဃာများပါ လိုက်ဝင်မည်ဖြစ်ကြောင်း ရှင်ပညာသာမိက အာမခံသည်။

---

**စာမျက်နှာ ၈ မှ**

ရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ကြိုးပမ်းကြရာတွင် ချဉ်းကပ်ပုံနှင့် အလေးပေးအားစိုက်သည့် အကြောင်းကိစ္စရပ်များအပေါ် တူညီသည့်သဘောထားအမြင်မရှိစေကာမူ တလှေတည်းစီး တခရီးတည်းသွားသောသူများ ဖြစ်သည်ဆိုသည့်အချက်ကို မမေ့လျော့သင့်ပေ။ ဤအချက်ကို ထောက်ရှု၍ အမှန်တကယ်လက်တွေ့ဘဝတွင် အကြောင်းကိစ္စရပ်များကို ဆွေးနွေးနိုင်ကြသည်၊ အမြင်ချင်းဖလှယ်နိုင်ကြသည်၊ အသိအမှတ်ပြုပေးနိုင်ကြသည်၊ လေးစားသမှုပြုနိုင်ကြသည်။ ဤသို့သောအလေ့အကျင့် တိုးတက်ပွားများလာလေ၊ ဒီမိုကရေစီအင်အားစုများအတွင်း၊ ထိုမှတဆင့် လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီအလေ့အကျင့်ထွန်းကားလာလေဖြစ်မည်။ ထိုအခြေအနေများက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီခိုင်မာစွာတည်ရှိရေးတို့အတွက် အလားအလာကောင်းများဖြစ်ပေမည်။

ဤဆောင်းပါးအစတွင်ဖော်ပြသကဲ့သို့ မြန်မာလွှတ်တော်အမတ်နှစ်ဦးတို့ ကိုယ်ထိလက်ရောက်ထိုးကြိတ်ကြသည်အထိ ရောက်ခဲ့သည်မှာ ထိုနှစ်ဦးတို့သည် ဒီမိုကရေစီအလေ့အကျင့်တခုဖြစ်သည့် သည့်ခံမှုအပိုင်းတွင် အားနည်းနေသည်ကို ဖော်ပြနေသည်။ ထိုကဲ့သို့သောအဖြစ်အပျက်များသည် လွန်ခဲ့သော ၁၅ နှစ်က ထိုင်ဝမ်လွှတ်တော်အတွင်း၌ ဖြစ်ပွားခဲ့ဘူးသည်၊ အမျိုးသားအမတ်များအကြား ထိုးကြိတ်ကြရုံမက အမျိုးသမီးအမတ်များလည်း ဘိနပ်ဖြင့် ပါးကိုရိုက်သည့်အဆင့်ဖြစ်ခဲ့သည်။ ဤသို့သောထိုးကြိတ်ကြသည့် အခြေအနေမျိုးကို မိတ်ဆွေတဦးက ထိုင်ဝမ်ဒီမိုကရေစီဟု နောက်ပြောင်၍ပြောခဲ့သည်ကိုလည်း အမှတ်ရမိသည်။ လွန်ခဲ့သော သီတင်းပတ်အနည်းငယ်အတွင်း ကပင် တောင်ကိုရီးယားလွှတ်တော်တွင်း၌လည်း အမတ်နှစ်ဦးတို့ ထိုးကြိတ်ခဲ့ကြသေးသည်။ အလားတူပင် ဂျပန်လွှတ်တော်၌လည်း ဖြစ်ပျက်ခဲ့ဘူးသည်။

သဘောထားကွဲလွဲမှုများရှိသည်ကို သဘောတူကြသည်။ We agree to disagree ဆိုသည့်စကားရပ်သည် ဒီမိုကရေစီ အခြေပြုနိုင်ငံရေး လောကတွင် တွင်ကျယ်သည့်စကားရပ်ဖြစ်သည်။ သို့သော် လူ့သဘာဝအရ သဘောထားကွဲလွဲကြသောအခါ စိတ်ဆိုးကြသည်၊ ဒေါသထွက်ကြသည်။ when we disagree we become angry ထိုအခြေအနေမျိုးတွင် မလိုလား

**စာမျက်နှာ ၂ မှ**

ဒီပါတီက မြန်မာနိုင်ငံမှာ တရားဥပဒေကင်းမဲ့နေတယ်၊ တရားစီရင်ရေးမှာ မမျှမတလုပ်တာတွေ ရှိနေတယ်ဆိုပြီးတော့လည်း အထူးကိုယ်စားလှယ်ကို ပြောခဲ့တာပါ၊ မစ္စတာဂမ်ဘာရီရဲ့ခရီးစဉ်အဆုံးသတ်နေ့မှာ မြန်မာစစ်အစိုးရရဲ့ပြောရေးဆိုခွင့်ရှိသူ၊ ဝန်ကြီးချုပ် စတဲ့ပုဂ္ဂိုလ်တွေနဲ့ပြောဆိုကြတဲ့နေရာမှာတော့ မြန်မာစစ်အစိုးရဘက်က သူတို့ဟာ ပြီးခဲ့တဲ့နှစ်အတွင်း နိုင်ငံရေးအကျဉ်းသား ၉၀၀၀ ကျော်ကို လွှတ်ပေးခဲ့တယ်၊ တရားစီရင်မှုတွေမှာလည်း တရားဥပဒေနဲ့အညီ မျှမျှတတဆောင်ရွက်ခဲ့တာတွေရှိတယ်ဆိုပြီး တုံ့ပြန်ခဲ့ပါတယ်။ အဲန်အဲလ်ဒီရဲ့ပြောရေးဆိုခွင့်ရသူ ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံက တရားစီရင်ရေးစနစ်ဟာ လွတ်လပ်မှုမရှိဖြစ်နေဆဲလို့ ပြောပါတယ်။

တရားဥပဒေရှုထောင့်ကကြည့်မယ်ဆိုရင် ပြစ်ဒဏ်တခုကို အကြိမ်ကြိမ်အခါခါအပြစ်ပေးခွင့်မရှိဘူး၊ ဒါပေမဲ့ ဒီဟာတွေလည်း အယူခံမှာသက်ဆိုင်ရာရှေ့နေတွေက ပြောကြမှာပဲ၊ ခြုံပြီးတော့ပြောရင်တော့ ဒီလောက်တောင်ပြစ်ဒဏ်တွေပေးနေတာကတော့ မျှတမှုမရှိဘူးလို့ပဲ ယူဆပါမယ်၊ တခု–– အဲဒီမှာဝန်ကြီးပြောလိုက်တာက သူတို့နဲ့မဆိုင်ဘူး၊ တရားရုံးနဲ့ပဲဆိုင်တယ်ဆိုတဲ့သဘောပြောလိုက်တာ၊ ဒါက တရားဥပဒေစိုးမိုးရေးရှိမယ်၊ တရားစီရင်မှုက လွတ်လပ်မှုရှိမယ်ဆိုရင် ဒီသဘောကမှန်တာပေါ့၊ အခုဟာက ရှေ့နေလည်းဝင်လို့မရ၊ ဝင်ခွင့်ရရင်လည်း တိုင်ပင်ခွင့်မရ၊ ဒီလိုအခက်အခဲတွေ အများကြီးရှိနေတာဟာ တရားမျှတမှုမရှိတဲ့သဘောပါ။

---

အပ်သော တုံ့ပြန်မှုများပြုတတ်ကြသည်မှာ ဖြစ်လေ့ရှိသောအရာများဖြစ်သည်။ ထို့ကြောင့် မလိုလားအပ်သောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်တတ်သည်ကို ဆင်ခြင်နိုင်ရန်မှာ အရေးကြီးလှပေသည်။

ထို့ကြောင့် မေးခွန်းတခုဖြင့် အဆုံးသတ်လိုပါသည်။ သင်သည် မတူညီသောသဘောထားအမြင်များအပေါ် မည်မျှအထိ စိတ်ရှည်သည်းခံနိုင်ပြီး မည်သို့သောနည်းလမ်းများဖြင့် တုံ့ပြန်မှုပြုပါသနည်း၊ ဒီမိုကရေစီရေးအတွက် မည်မျှအထိ စဉ်းစားတွေးတောလုပ်ဆောင်နေပါသနည်း။

## စက်ရုံအတွက် လယ်များအသိမ်းခံရ

**DVB ၊ ဖေဖော်ဝါရီ ၂ ။** ။ မကွေးတိုင်း စေတုတ္တရာမြို့နဲ့ ၆ မိုင်ခန့်အကွာမှာ ရှိတဲ့ ကာကွယ်ရေးပစ္စည်းစက်ရုံတည်ဆောက်နေမှုနဲ့ပတ်သက်ပြီး လမ်းဖောက်လုပ်ရာမှာ လယ်မြေဧက ၂၀ ကျော် အသိမ်းခံရတယ်လို့ ဒေသခံတွေကပြောပြပါတယ်။

ရွာသစ်နဲ့တောင်ခတ္တရာဆိုတဲ့ ရွာ ၂ ရွာကလယ်တွေသိမ်းခံရတာဖြစ်ပြီး လျော်ကြေးဘာမှမရဘူးလို့ ဒေသခံတဦးကပြောပါတယ်။ လမ်းသစ်ဖောက်လုပ်ရာမှာ လမ်းနဲ့မလွတ်တဲ့လယ်မြေတွေ အသိမ်းခံရတာဖြစ်ပြီး တချို့လယ်တွေမှာ နှမ်း ပဲ စိုက်လက်စနဲ့စပါးတွေပါရှိနေတဲ့အတွက် လက်လှမ်းမီတဲ့တောင်သူတချို့သာ မိမိတို့သီးနှံတွေကို နိုင်သလောက်သိမ်းလိုက်နိုင်ပြီး မသိမ်းနိုင်တဲ့တောင်သူတချို့ရဲ့သီးနှံတွေ ဘူဒိုဇာနဲ့ထိုးတဲ့အထဲပါသွားတယ်လို့ဆိုပါတယ်။

"နှစ်နာကြေးရမလား၊ လျော်ကြေးရမလားဆိုပြီးစောင့်နေတာ အခုအချိန်ထိမပေးဘူး၊ အရင်တုန်းက သူတို့တွေအကုန်လုံးက အတော်လေးစားနိုင်သောက်နိုင်ကြတယ်၊ အခုလမ်းဖောက်တော့မှ နှစ်ရွာလုံးငတ်ကြရတာ"

ကာကွယ်ရေးပစ္စည်းစက်ရုံတည်ဆောက်နေတဲ့ ချမ်းဟိန်းကုမ္ပဏီက ပြီးခဲ့တဲ့နှစ် နိုဝင်ဘာနဲ့ ဒီဇင်ဘာကတည်းက ဒီလမ်းကို ဦးစီးဖောက်လုပ်နေတာလို့လည်းပြောပါတယ်။ ဒီကိစ္စကို ဒေသခံလယ်သမားတွေအနေနဲ့ အထက်အာဏာပိုင်တွေကိုလည်း မတင်ပြရဲကြဘူးလို့လည်းဆိုပါတယ်။ စေတုတ္တရာမြို့ဟာ တခြားမြို့တွေကနေ ကုန်စည်အဝင်မထွက်မရှိဘဲ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာအခြေပြုနေရတဲ့အတွက် အခက်ကြုံနေရတယ်လို့ဆိုပါတယ်။

မန္တလေးမှာဖွင့်ထားတဲ့ချမ်းဟိန်းကုမ္ပဏီဟာ စစ်တပ်အရာရှိအများစု အစုရှယ်ယာဝင်ထားတဲ့ကုမ္ပဏီဖြစ်တယ်လို့လည်း သိရပါတယ်။ ကုမ္ပဏီဝန်ထမ်းတွေအနေနဲ့ လွယ်ကူစွာအလုပ်ထွက်ခွင့်မရအောင် ချုပ်ကိုင်ထားမှုတွေရှိကြောင်းလည်း ဝန်ထမ်းတဦးရဲ့ပြောပြချက်အရ သိရပါတယ်။

---

## မြန်မာယူနီကုတ်အသစ် ဖြန့်ချိရောင်းချ

**DVB ၊ ဖေဖော်ဝါရီ ၅ ။** ။ ကွန်ပျူတာစနစ်တခုလုံးကို မြန်မာဘာသာနဲ့အသုံးပြုနိုင်တဲ့ မိုင်မြန်မာယူနီကုတ်ဆစ်စတမ် ၂၀၀၉ စီဒီကို မြန်မာပြည်တွင်း အိုင်တီကုမ္ပဏီတခုက စတင်ဖြန့်ချိရောင်းချနေပါတယ်။

သုံးရလွယ်ကူပြီး စီဒီတချပ် ကျပ် ၆,၀၀၀ မို့ ဈေးကြီးပေမယ့် အသုံးတည့်သူတွေအတွက် တန်ပါတယ်လို့ ကွန်ပျူတာစင်တာတခုမှ ပညာရှင်တဦးကပြောပါတယ်။ My Myanmar ယူနီကုတ်စီဒီကို ထုတ်လုပ်ရောင်းချနေတာတလလောက်ရှိပြီဖြစ်တဲ့ ရန်ကုန် ၃၃ လမ်းက Technomation အိုင်တီကုမ္ပဏီကိုမေးမြန်းရာမှာ ဝန်ထမ်းတဦးက "ကွန်ပျူတာကို မြန်မာလိုသုံးလို့ရအောင်လုပ်ပေးထားတာပါ" လို့ ရှင်းပြပါတယ်။

"ကွန်ပျူတာသုံးဘို့ အင်္ဂလိပ်စာခက်ခဲတဲ့လူမျိုး၊ ကွန်ပျူတာစသင်တဲ့ကလေးတွေဆိုရင် အဆင်ပြေတယ် မြန်မာလိုပဲ၊ ဥပမာ ကွန်ပျူတာကိုစတင်ပါဆိုရင် သူက စတင်ပါလို့ရေးထားပေးမယ်၊ ဖိုင်ကိုဖွင့်ပါဆိုရင် ဖွင့်ပါပေါ့။ အကုန်လုံး မြန်မာလိုပြင်ထားပေးတာ" ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်ရှိကွန်ပျူတာအရောင်းစင်တာတွေမှာ ဝယ်လို့ရနေပြီဖြစ်ပြီး အသုံးများနေပြီလို့လည်းဆိုပါတယ်။ ကွန်ပျူတာကို မြန်မာစာနဲ့သုံးတဲ့သူတွေ အခက်တွေ့ရတာက Font (စာလုံးပုံစံ) ပြောင်းတဲ့အခါ လက်ကွက်တွေပါလိုက်ပြောင်းပြီးရိုက်ရတာပါ။ မိုင်မြန်မာယူနီကုတ်က လက်ကွက်ပြောင်းရိုက်စရာမလိုဘဲ ရိုက်နေကျလက်ကွက်အတိုင်း ရိုက်လို့ရပြီး ကွန်ပျူတာအများစုမှာအသုံးပြုနေကျ Window XP ကို မြန်မာဘာသာနဲ့သုံးနိုင်ဘို့ ထည့်သွင်းပေးထားတယ်လို့ဆိုပါတယ်။

သုံးစွဲသူတွေဘက်က တုံ့ပြန်ချက်တော့မရှိသေးဘူးလို့ပြောပါတယ်။

## ပရိသတ်အားပေး၍ ဗေဒင်စီးပွါးရေး ပိုကောင်းလာ

**DVB ၊ ဖေဖော်ဝါရီ ၂ ။** ။ စီးပွားရေးလုပ်ငန်းတွေအဆင်မပြေတဲ့အချိန်မှာ ဗေဒင် လုပ်ငန်းနဲ့ ဗေဒင်စာအုပ်ထုတ်ဝေရောင်းချမှုတွေ အဆင်ပြေနေပါတယ်။

ဆန်တွေ နိုင်ငံခြားကိုတင်ပို့ခွင့်ရတော့လည်း ဈေးကောင်းမရ၊ ရေထွက်ကုန်ပစ္စည်းတွေကလည်း ဈေးတွေကျနဲ့ စီးပွားရေးလုပ်ငန်းလုပ်ကွက်တွေ တော်တော်များများအဆင်မပြေတဲ့အချိန်မှာ အရေးအကြောင်းဆို အားကိုးရှာတတ်တဲ့လူ့သဘာဝကြောင့် ဗေဒင်ဆရာတွေ၊ ဗေဒင်နဲ့ပတ်သက်ဆက်နွယ်နေတဲ့လုပ်ငန်းတွေ အခြေအနေကောင်းနေတယ်လို့ ဆရာဇင်ယော်နီကပြောပါတယ်။

"ပရိသတ်က ပိုတောင်များလာတယ်လို့ပြောရမယ်ထင်တယ်၊ ဒါပေမဲ့ ငွေတော့နည်းတယ်၊ လှူတာတန်းတာ၊ ငွေအပိုသုံးတာတို့ မလုပ်နိုင်ကြဘူးပေါ့၊ လူအများစုက ဗေဒင်ယတြာဘက်ကို ပိုပြီးအာရုံစိုက်လာကြတယ်"

ဗေဒင်ဟောခတွေက နှစ်ရာ၊ သုံးရာကနေ ၂ ထောင်၊ ၃ ထောင်ယူတဲ့သူရှိသလို ၄–၅ ထောင်ကနေ ၁ သောင်း၊ ၂ သောင်းယူတဲ့ဗေဒင်ဆရာလည်းရှိသလို ဗေဒင်ဟောခသိပ်မယူဘဲ ယတြာကြေးပိုယူတဲ့သူတွေလည်းရှိတယ်လို့ ဆရာဇင်ယော်နီကပြောပါတယ်။ ဗေဒင်စာအုပ်ဆိုရာမှာ ပညာရပ်ဆိုင်ရာဗေဒင်စာအုပ်တွေ ရောင်းရတာမဟုတ်ဘဲ၊ ဈေးနှုန်းချိုသာပြီး ပေါ့ပေါ့ပါးပါးရှိတဲ့ဟောစာတမ်းစာအုပ်တွေ အရောင်းသွက်တယ်လို့ဆိုပါတယ်။ ရန်ကုန်မြို့ စမ်းချောင်းမြေနီကုန်းမှ ဗေဒင်ဆရာတယောက်က အခြားလုပ်ငန်းတွေလိုပဲ ဟောရတာပါးတယ်လို့ ပြောပါတယ်။

အခုအချိန် လူတွေ ဗေဒင်ကိုပိုအားကိုးလာခြင်း ရှိ မရှိ ဆိုရာမှာ လူတဦးချင်းရဲ့စိတ်နေသဘောထားနဲ့ဆိုင်ပြီး ဉာဏ်ရည်အဆင့်အတန်းပေါ်မှာလည်းမူတည်ကြောင်း၊ လူပြိန်းအများစုက ဗေဒင်ကိုအားကိုကြောင်း ဗေဒင်စာအုပ်တွေလည်းရေးတဲ့ ဆရာတက္ကသိုလ်စိုးမိုးနိုင်ကပြောပါတယ်။ စာမေးပွဲရာသီမှာပါမကျန် ရာသီစာရေးသားထုတ်ဝေလာတဲ့ဗေဒင်စာအုပ်တွေက ငွေရှာတဲ့လုပ်ငန်းတခုလို၊ ကြော်ငြာတဲ့လုပ်ငန်းတခုလို ဖြစ်နေကြောင်းလည်း ဆရာတက္ကသိုလ်စိုးမိုးနိုင်ကပြောပါတယ်။ ဗေဒင်ဝါသနာပါတဲ့အမျိုးသမီးငယ်တဦးက ဗေဒင်မေးမတတ်နိုင်လို့ ဈေးချိုချိုနဲ့ဝယ်ဖတ်လို့ရတဲ့ တနှစ်တာဟောစာတမ်းစာအုပ်လေးတွေပဲ အလွယ်တကူဝယ်ဖတ်ရတာဖြစ်တယ်လို့ဆိုပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

နဲ့ပတ်သက်နေတဲ့ နောက်ထပ်ကျောင်းသား ၃ ဦးကို အာဏာပိုင်တွေကလိုက်ရှာနေတာဖြစ်တယ်လို့ ခပေါင်းဆောင်မှဆရာတွေကပြောကြပေမယ့် အဖမ်းခံရတဲ့ကျောင်းသားနဲ့ ဆရာရဲ့အမည်ကိုတော့ မပြောရဲကြဘူးလို့ဆိုပါတယ်။

အခြားစုံစမ်းသိရှိရတာကတော့ နာဂစ်အလောင်းကောက်မှုနဲ့ပတ်သက်ပြီး ၂၀၀၈ ဂျွန်ကတည်းကဖမ်းဆီးခံထားရတဲ့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ၂၀၀၇ မျိုးဆက်ကျောင်းသားတွေဖြစ်တဲ့ ဖုန်းပြည့်ကြွယ်နဲ့ ရှိန်းရာဇာထွန်းတို့ကို အင်းစိန်ထောင်ထဲမှာ ထပ်ပြီးစစ်ကြောရေးလုပ်နေတယ်လို့ ထောင်ဝန်ထမ်းတဦးကတဆင့် သိရပါတယ်။ သူတို့ ၂ ဦးကိုဖမ်းဆီးထားတာ ၇ လ ကြာပြီးမှ ထပ်မံစစ်ကြောရေးလုပ်တာဟာ ခပေါင်းဆောင်ကဖမ်းဆီးခံရတဲ့ကျောင်းသားနဲ့ လွတ်မြောက်နေဆဲဖြစ်တဲ့ ကျောင်းသား ၃ ဦးနဲ့ဆက်စပ်ပြီး စစ်ဆေးနေတာ ဟုတ် မဟုတ်ကိုတော့ အဲဒီဝန်ထမ်းက အသေအချာမသိဘူးလို့ပြောပါတယ်။

---

မြန်မာဘလော့ဂါတယောက်ကတော့ ဇော်ဂျီစာလုံးကိုအသားကျနေလို့ ဇော်ဂျီကိုပဲဆက်သုံးနေတယ်လို့ပြောပါတယ်။ မြန်မာစာသုံးသူတွေက ဇော်ဂျီ၊ ဝင်းဘားမိစ်တို့နဲ့ကျွမ်းဝင်နေကြတာကြောင့် ဒီယူနီကုတ်ကိုပြောင်းလဲသုံးစွဲဘို့ သိပ်စိတ်ကူးကြမှာမဟုတ်ဘဲ ကွန်ပျူတာကိုအခုမှစတင်သုံးစွဲမယ့်သူတွေတွက်တော့ ကောင်းပါတယ်လို့ ကွန်ပျူတာစင်တာမှ ပညာရှင်ကပြောပါတယ်။

# ရန်ကုန်လှိုင်တက္ကသိုလ် ခပေါင်းဆောင်မှကျောင်းသားတဦး အဖမ်းခံရ

**DVB ၊ ဖေဖော်ဝါရီ ၁ ။** ။ ရန်ကုန်လှိုင်တက္ကသိုလ်နယ်မြေ ခပေါင်းဆောင်မှ ကျောင်းသားတဦးနဲ့ တက္ကသိုလ်ဆရာတဦးကို ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့မှာ အာဏာပိုင်တွေကဖမ်းဆီးသွားတယ်လို့ လှိုင်တက္ကသိုလ်ဝင်းအနီး အဆောင်နေကျောင်းသားတဦးကပြောပါတယ်။

နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ပတ်သက်နေမှုကြောင့် အာဏာပိုင်တွေက အဲဒီကျောင်းသားကို ကျောင်းဆောင်ပြင်ပတနေရာမှာဖမ်းဆီးတာဖြစ်ပြီး တရက်တည်း ခပေါင်းဆောင်မှာ အဲဒီကျောင်းသားနဲ့အတူနေသူ တက္ကသိုလ်ဆရာရဲ့ အခန်းကိုလည်း အာဏာပိုင်တွေကဝင်ရောက်ရှာဖွေပါတယ်၊ အဲဒီနောက် စာရွက်စာတမ်းအချို့သိမ်းဆည်းသွားပြီး အဲဒီဆရာကိုပါဖမ်းဆီးသွားတယ်လို့ ခပေါင်းဆောင်ကဆရာအသိုင်းအဝိုင်းကတဆင့်သိရကြောင်း အဲဒီကျောင်းသားကပြောပါတယ်။ အဖမ်းခံရတဲ့ကျောင်းသားဟာ ခပေါင်းဆောင်မှာ တရားဝင်နေထိုင်ခွင့်ရကျောင်းသားမဟုတ်ဘဲ အဲဒီဆရာရဲ့ခွင့်ပြုချက်အရ ခပေါင်းဆောင်မှာနေထိုင်နေတာဖြစ်ပါတယ်။ သူတို့ ၂ ဦးစလုံးကိုဖမ်းဆီးပြီး နောက်တနေ့ ကြာသပတေးနေ့နဲ့ သောကြာနေ့ညဘက်တွေမှာ ရန်ကုန်တက္ကသိုလ်လှိုင်နဲ့ ကမာရွတ်နယ်မြေထဲကကျောင်းသားအဆောင်တွေနဲ့ ဆရာတွေနေအိမ်ရှိ လူပိုတွေကို အာဏာပိုင်တွေက ပိုက်စိပ်တိုက်ရှာဖွေစစ်ဆေးပါတယ်။ ဒီအခြေအနေတွေကိုကိုယ်တိုင်ကြုံခဲ့ရတဲ့ ရန်ကုန်လှိုင်တက္ကသိုလ်ဝင်းအနီး အဆောင်နေကျောင်းသားကပြောပါတယ်။

“လွန်ခဲ့တဲ့ ၂ ရက်က ကျောင်းသားတယောက်ကို နိုင်ငံရေးလုပ်တယ်ဆိုပြီး အပြင်တနေရာမှာဖမ်းမိပြီး ဒီကျောင်းသားနေတဲ့ လှိုင်သက္ကသိုလ်ရဲ့ခပေါင်းဆောင်ကအခန်းကိုဝင်ရှာတော့ စာရွက်စာတမ်းတွေတွေ့တဲ့အတွက် အဆောင်မှာ သူနဲ့အတူနေတဲ့ဆရာကိုလည်း ဖမ်းသွားတယ်၊ ဘယ်နေရာမှာထားမှန်းမသိဘူး၊ အဲဒါဖြစ်ပြီးတရက်အကြာ ရန်ကုန်မှာရှိတဲ့အဆောင်တွေမှန်သမျှကို တက္ကသိုလ်ကပါမောက္ခတွေ၊ အရပ်ဝတ်ထောက်လှမ်းရေးတွေ ဝင်ပြီးတော့စစ်တယ်၊ အဆောင်တွေမှာ အပြင်လူလုံးဝလက်မခံခိုင်းဘူး၊ မနေ့ညဆိုရင် ကျနော်တို့အခုနေတဲ့အဆောင်ကို ကား ၄ စီးလာစစ်တာ၊ ပါမောက္ခတွေလည်းပါတယ်၊ အရပ်ဝတ်နဲ့ရဲတွေလည်းပါလာတယ်၊ ရှောင်တခင်ပဲ ချက်ချင်းဝင်လာပြီး ချက်ချင်းဝင်စစ်သွားတာ”

ဒီလို အဆောင်လူပိုတွေကိုလိုက်စစ်တာဟာ အဖမ်းခံရတဲ့ကျောင်းသား

**စာမျက်နှာ ၁၆ သို့**

**မောင်ပုညမ**

တခါ ‘ရုပတ်မားဒေါက်’ ရဲ့နောက်မှာ ဒေါက်တာ ‘ကစ်ဆင်းဂျား’ ကိုယ်တိုင် ‘နယူးဝါးအော်ဒါ’ ကိုပဲပြောနေပြန်ပြီ”

‘ဟုတ်ကဲ့ပါဆရာ’

(၄)

‘ကျူးဘားတော်လှန်ရေးနဲ့ ချေဂွေဘာရာအကြောင်းလည်း ဆက်ပါဦးဆရာ’

“ကျူးဘားမှာတော့ ကျန်းမာရေးမကောင်းတော့တဲ့ အကို ‘ဖီဒဲလ်’ နေရာမှာ သမတဖြစ်လာတဲ့ ရောင်းကတ်စထရို ၇၇ နှစ်လက်ထက်မှာ ‘ဟာရီကိန်း’ သုံးကြိမ်ကိုအစားထိုးတဲ့အနေနဲ့ ကျူးဘားပြည်သူတွေကို အိမ်သစ်ယာသစ်ပေါင်း တသိန်းဆောက်လုပ်ခွင့်ပြုတာကတခု၊ ပြီးတော့ ရောင်းလက်ထက် မှာ လယ်သမားတွေဝင်ငွေတိုးစေရန် ပုဂ္ဂလိကလယ်ယာစနစ်နဲ့ သယ်ယူပို့ဆောင်ရေးအတွက် ပုဂ္ဂလိကတက္ကစီအပါအဝင်ရယ်၊ ပြီးတော့ ကျူးဘားပြည်သူတွေကို ကွန်ပြူတာဝယ်ယူခွင့်၊ မိုဘိုင်းဖုန်းသုံးခွင့်၊ ကားငှါးခွင့်၊ ဟော်တယ်တွေမှာဇိမ်ခံခွင့်အပါအဝင် ခွင့်ပြုလိုက်ပါပြီ”

‘ဖြစ်ရလေဆရာရယ်၊ ဒါတွေက ရုရှားနဲ့တရုတ်မှာ ခပ်စောစောကတည်းကပြုပြင်ပြီးသားတွေပါပဲ၊ ဒါကြောင့်ပဲ ကတ်စထရိုသမီးရော၊ ကျူးဘားပြည်သူတွေရော၊ အမေရိကားဘက် ကူးပြောင်းပြေးဝင်ကြထင်ပါရဲ့၊ ဒါနဲ့ဆရာ ချေဂွေဘာရာအကြောင်းလည်း ဆက်ပါဦးဆရာ’

“ချေဂွေဘာရာက ‘အာဂျင်တီးနား’ က ဆရာဝန်တဦးဖြစ်ပါတယ်၊ သူက ဖီဒဲလ်နဲ့မတွေ့မီကပင် ‘တောင်အတ္တလန်တိတ်’ နဲ့ ‘တောင်အမေရိက’ တခွင်ကို စွန့်စားရေးနဲ့ လေ့လာရေးခရီးထွက်ခဲ့ဘူးပါတယ်၊ ချေနဲ့ကတ်စထရိုတို့ညီအကိုက ညီအကိုလိုရော၊ ရဲဘော်ရဲဘက်လိုပါ ချစ်ခင်ကြ ယုံကြည်ကြတယ်ကွဲ့၊ ပွင့်ပွင့်လင်းလင်းပြောရရင် မူလက ကတ်စထရိုညီအကိုက ကွန်မြူနစ်တွေမဟုတ်တဲ့ မျိုးချစ်တွေဖြစ်ပြီး၊ ချေကသာ ကွန်မြူနစ်ဖြစ်ခဲ့ဘူးပါတယ်၊ ဒါကြောင့် ကျူးဘားလွတ်မြောက်လာတဲ့အခါ ချေဟာ ဘဏ်တွေရဲ့ဥက္ကဋ္ဌ၊ စက်မှုလက်မှုဝန်ကြီးအနေနဲ့ပါ ကုလသမဂ္ဂကိုရော (OAS) ကိုပါ တက်ရောက်ခဲ့ဘူးပါတယ်”

‘ချေကိုမေ့လို့မရတဲ့အကြောင်းလည်း ပြောပြပါဦးဆရာ’

“ချေဂွေဘာရာဟာ ‘နာဆာ’ အပါအဝင် အာဖရိကခေါင်းဆောင်များ၊ ရုရှားခေါင်းဆောင်များနဲ့ တရုတ်ခေါင်းဆောင်မော်စီတုံး၊ ချူအင်လိုင်၊ ဒုတိယဝန်ကြီးချုပ် ‘လီရှိုနင်’ တို့နဲ့ပါ တွေ့ဆုံဆွေးနွေးဘူးပါတယ်၊ ချေဟာ စစ်တိုက်တာလည်းဝါသနာပါတယ်၊ စာရေးပြီး မိန့်ခွန်းပြောတာလည်း ထက်သန်တယ်၊ သူဟာ စပိန်က ဆရာဝန်ဒေါက်တာ ‘ဗက်သွန်’ လိုပဲ လူတွေရဲ့ဆင်းရဲမွဲတေမှု၊ ရောဂါထူပြောမှုတွေကို ဆေးထိုးအပ်နဲ့မရနိုင်တော့ဘူး၊ သေနတ်ကိုင်မှဖြစ်တော့မယ်လို့ ယုံကြည်သူလည်းဖြစ်ပါတယ်၊ ဒါကြောင့် သူ့ရဲ့နိုင်ငံသားအပါအဝင် ရာထူးတွေ၊ တာဝန်တွေကို ကတ်စထရိုထံပြန်အပ်ပြီး ပထမ ‘ကွန်ဂို’ ကိုထွက်လာတယ်၊ ဒုတိယ တောင်အမေရိကားထဲပြန်အရောက်မှာ ၁၉၆၇ ခုနှစ် အောက်တိုဘာလထဲမှာ ‘အိုလီဗီယမ်း’ စစ်တပ်ရယ်၊ ရဲအဖွဲ့ရယ်နဲ့တွေ့ဆုံတိုက်ပွဲဖြစ်ပြီး ကျဆုံးခဲ့တာပါပဲ”

‘ကမ္ဘာကြီးရဲ့အနယ်နယ်အရပ်ရပ်ကိုရောက်ရှိနေတဲ့ ချေဂွေဘာရာရဲ့ဓါတ်ပုံအကြောင်းလည်း ပြောပြပါဦးဆရာ’

“ချေရဲ့ဓါတ်ပုံဟာ ခေတ်သစ်ကမ္ဘာမှာ အကျော်ကြားဆုံးနဲ့ လူတွေသိရှိဆုံး ဓါတ်ပုံတပုံလည်းဖြစ်တယ်မောင်ချစ်ဖူးရဲ့၊ ‘ဟာဗီဘိုလာ’ ပိုစတာမှာ၊ ‘ဘရာဇီးလီးယမ်းဘီကီနီ’ မှာ တီ–ရှပ်တွေမှာ၊ အထူးသဖြင့် လက်ဝဲ–လက်ျာဘက်မှာ နေရာတိုင်းရောက်ရှိနေပါတယ်”

‘အဓိပ္ပါယ်က ဘာလဲဆရာ’

“အဓိပ္ပါယ်က လူတဦးချင်းစီနဲ့ လူအများပြောနေတဲ့ဘာသာစကားတွေပဲဖြစ်ပါတယ်၊ မတရားရင်မခံဘူး၊ မတရားတာတွေကိုတော်လှန်ပစ်ရမယ်၊ ဆိုလိုတာက ချေရဲ့ဓါတ်ပုံဟာ တရားမျှတမှုနဲ့ အမှန်တရားကိုကိုယ်စားပြုခြင်း အဓိပ္ပါယ်ပါပဲကွယ်”

‘ဟုတ်ကဲ့ပါဆရာ’

“ချေရဲ့ပုံကိုဓါတ်ပုံရိုက်ကူးပေးသူက ‘အဲလ်ဘာတိုကိုဒါ’ (Alberto-Korda) ပါ၊ ပန်းချီကားတချပ်ပဲဖြစ်ဖြစ်၊ ဓါတ်ပုံတကွက်ပဲဖြစ်ဖြစ်၊ သိပ်ကိုအောင်မြင်လာရင်တော့ မောင်ချစ်ဖူးရယ်၊ ဒီကဗျာလေးလိုပါပဲကွယ်”

“ဓါတ်ပုံတကွက် – ဆေးတစက်နဲ့
တလက်ကလောင် – ထောင်သောင်းလက်နက်
စိစိညက်ကြေ – ကျိုးပျက်စေသည်
စာပေလက်နက် – အစွမ်းထက်”

# စိုက်ပျိုးစရိတ်ချေးငွေကို လယ်သမားတွေအချိန်မီမဆပ်နိုင်၍ အခက်တွေ့

**DVB ၊ ဖေဖော်ဝါရီ ၂ ။** ။ ဂျန်နဝါရီမှာနောက်ဆုံးပြန်ဆပ်ရမယ့် စိုက်ပျိုးစရိတ်ချေးငွေတွေကို ပြန်မဆပ်နိုင်သေးတဲ့အတွက် လယ်သမားအများစု အခက်တွေ့နေသလို ဖိအားပေးမှုတွေကိုပါရင်ဆိုင်နေရတယ်လို့ လယ်သမားတွေကပြောပါတယ်။

ပြီးခဲ့တဲ့နှစ်မိုးတွင်းတုန်းက စိုက်ပျိုးစရိတ်ချေးငွေတွေကို အတိုး ၁ ကျပ်ခွဲနှုန်းနဲ့ မြန်မာ့စိုက်ပျိုးရေးဘဏ်က ထုတ်ချေးပါတယ်။ အဲဒီချေးငွေတွေကို တနိုင်ငံလုံးအတိုင်းအတာနဲ့ ပြီးခဲ့တဲ့ဂျန်နဝါရီလ နောက်ဆုံးပြန်ဆပ်ရမယ်ဆိုပြီး ညွှန်ကြားချက်ထုတ်ထားတာပါ။ ရန်ကုန်တိုင်း သုံးခွမြို့နယ်ကလယ်သမားအများစုအနေနဲ့ အချိန်မီပြန်မဆပ်နိုင်တာကြောင့် စိုက်ပျိုးရေးဘဏ် မန်နေဂျာ ဒေါ်စုစုမော်ရဲ့ဖိအားပေးမှုတွေ ရင်ဆိုင်နေရတယ်လို့ လယ်သမားတဦးကပြောပါတယ်။

“လယ်သမားတွေက လက်ရှိ စပါးရှိတယ်၊ ဆန်ဈေးမရှိ၊ စပါးဈေးကွက်မပွင့်ဆိုတော့ စပါးရောင်းတဲ့အခါ အကြွေးတွေဖြစ်နေတယ်၊ အကြွေးကို တပတ်ချိန်းတယ်၊ နှစ်ပတ်ချိန်းတယ်၊ ဒီတော့ လက်ငင်းငွေမရဘူး၊ သူတို့ကလည်း သတ်မှတ်တဲ့ရက်အတွင်းပေးရမယ်ဆိုပြီး အတင်းအဓမ္မဖိအားပေးတယ်၊ ရှိတာရောင်းပေးရမယ့်သဘောမျိုးကို ခြိမ်းခြောက်တာ၊ လယ်သမားကလည်း သူဆပ်ရမယ့်တာဝန် သူသိတာပေါ့၊ အရင်တုန်းက ဖေဖော်ဝါရီလမှာဆပ်ရတာ၊ အခု တလပိုင်းဆိုတော့ ပဲမပေါ် စပါးဈေးမကောင်းဆိုတော့ ခက်ခဲနေချိန် ဖိအားပေးခံရ တော့ လယ်သမားတွေက စိတ်မကောင်းဘူး”

ပဲခူးတိုင်းကလယ်သမားတွေလည်း စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ဘို့ အခက်တွေ့နေကြပါတယ်။ ဒါကြောင့် စိုက်လက်စပဲတွေကိုကြိုရောင်းပြီး ပြန်ဆပ်ဖို့လုပ်နေကြပေမယ့် တော်တော်များများကတော့ မဆပ်နိုင်တဲ့အနေအထားရှိတယ်လို့ သာယာဝတီမြို့ခံ လယ်သမားတဦးကပြောပါတယ်။

“စပါးအထွက်ကလည်းကျ၊ စပါးဈေးလည်းကျတဲ့အပြင် စပါးရောင်းရတာတောင်မှ ငွေမပေါ်ဘူး၊ စပါးမပေါ်ခင်ကတည်းက ထွက်မယ့်စပါးကို ကာလပေါက်ဈေးတဝက်နဲ့ ကြိုရောင်းတယ်၊ စပါးဈေးလည်းကျရော အမတော်ကြေးတွေက မဆပ်နိုင်တော့ဘူး”

“နောက်တသီး ပဲစိုက်တာက မတ်လကုန်လောက်ဆိုပေါ်မယ်၊ အဲဒီအတွက် ငွေကြိုပြီးယူထားရတယ်၊ ဒီတော့ ပဲအတွက်ကြိုယူတဲ့ပိုက်ဆံနဲ့ အမတော်ကြေးဆပ်တယ်၊ ပဲထွက်လာတဲ့အချိန်ကျတော့ ငွေကြိုယူထားတဲ့အတွက်ထွက်တဲ့ပဲကို အပ်လိုက်ရုံပေါ့၊ ကိုယ့်အတွက် ဘာမှမရှိတော့ဘူး”

ညောင်လေးပင်မြို့နယ်အတွင်းက တောင်သူတဦးကလည်း ဒီနှစ် စပါးအထွက်နှုန်းကျတဲ့အပြင် စပါးဈေးပါကျတဲ့အတွက် ချေးငွေပြန်မဆပ်နိုင်လို့ ဖိအားပေးခံရတဲ့အကြောင်း ပြောပါတယ်။

“သူတို့က စိတ်ပျိုးစရိတ်ချေးငွေကိုဆပ်ဖို့ ဖိအားပေးပြီးပြောတယ်၊ဒါ ပေမဲ့ တောင်သူတော်တော်များများ မဆပ်နိုင်ကြသေးပါဘူး၊ မနှစ်ကတည်းက တောင်သူတွေ ဆောင်းသီးနှံရော မိုးစပါးပါထိခိုက်တယ်၊ ဒီနှစ်စပါးကျတော့ စိုက်ပျိုးစရိတ်နဲ့ ထွက်တဲ့စပါးနှုန်းစပါးပေါက်ဈေးကြောင့် ဆုံးရှုံးမှုတွေဖြစ်နေတော့ ကြွေးမြီဆပ်ဘို့ရာ အခက်အခဲဖြစ်နေတာအမှန်ပဲ၊ လောလောဆယ်မှာ ကြွေးဆပ်ဖို့ရာထက် တောင်သူတွေ စားဝတ်နေရေးမှာ အတော်အခက်အခဲဖြစ်နေတယ်” ချေးငွေဆပ်ဖို့ထက် စားဝတ်နေရေးကျပ်တည်းတာကြောင့် ခိုင်းကျွဲနွားတွေကို သားသတ်ကုန်းမှာရောင်းရတဲ့အခြေအနေအထိ ဖြစ်နေတယ်လို့လည်း ပြောပါတယ်။

---

# အကယ်ဒမီတန်းဝင်ဇာတ်ကား အရှုံးပေါ်ပြီး ဟာသကား လူကြိုက်များ

**DVB ၊ ဖေဖော်ဝါရီ ၃ ။** ။ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို လာမယ့်စနေနေ့ ဖေဖော်ဝါရီ ၇ ရက်မှာ ကျင်းပတော့မှာပါ။ ၂၀၀၇ ခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကားပေါင်း ၁၀ ကားတိတိ ရုံတင်ပြသခဲ့တဲ့အနက် အကယ်ဒမီပေးလေ့ရှိတဲ့ ဒရမ်မာဇာတ် ကား ၄ ကားပဲပါပြီး၊ ကျန် ၆ ခြောက်ကားက ဟာသကားတွေချည်းဖြစ်နေတာ တွေ့ရပါတယ်။

အကယ်ဒမီရမယ်လို့သတင်းပြေးနေတဲ့ ‘ငါ့သွေး ငါ့ခါး ငါ့ရောဝတီ’၊ ‘အမေနှင့်သမီးများ’၊ ‘ရင်နင့်အောင်မွေး’ နဲ့ ‘ကိုးဆယ်ဆသာလိမ့်မယ်’ စတဲ့ ဇာတ်ကား ၄ ကား ရုံတင်ပြသခဲ့တုန်းက လူဝင်နည်းလို့ ဝင်ငွေလည်းအရနည်းခဲ့ပြီး ထုတ်လုပ်သူတွေအရှုံးပေါ်သွားတယ်လို့ ပြည်တွင်းထုတ်ဂျာနယ်တွေရဲ့ဖော်ပြချက်အရ သိရပါတယ်။ “ရသမြောက်တဲ့ ‘ရာမာဇာတ်ကားတွေဟာ ပရိသတ်နဲ့အဟပ်ကွာနေပြီ” လို့ ရုပ်ရှင်လောကနဲ့နီးစပ်တဲ့ စာရေးဆရာ အယ်ဒီတာ ဦးဝင်းငြိမ်းကပြောပါတယ်။

“ပရိသတ်က ရယ်ရတဲ့ကားကိုကြိုက်တာဖြစ်နေတယ်၊ ဟာသကားတွေကိုပဲကြိုက်နေတာဖြစ်တော့ ရသမြောက်တဲ့ကားတွေ ရုံတင်တဲ့အချိန်မှာ ဝင်ငွေမကောင်းကြဘူး”

ဟာသကားတွေက ဈေးကွက်ပေါက်တော့ ထုတ်လုပ်သူတွေကလည်း ဟာသတွေပဲရိုက်ကူးထုတ်လုပ်လာကြပြီး ဒီနှစ်ထဲ ကန်တော့ပွဲပေးတဲ့ဇာတ်ကားလေးငါးကားဟာလည်း ဟာသကားတွေချည်းဖြစ်နေတာတွေ့ရတယ်လို့ ဦးဝင်းငြိမ်းကပြောပါတယ်။ ရုပ်ရှင်တကားရိုက်ရင် အနည်းဆုံး ကျပ်သိန်းတထောင်လောက်ကုန်ကျတော့ ထုတ်လုပ်သူတွေလည်း ငွေပြန်ပေါ်ဘို့မသေချာတဲ့ဇာတ်ကားတွေရိုက်ဖို့ မစွန့်စားရဲကြတော့ဘူးလို့လည်း ဦးဝင်းငြိမ်းကပြောပါတယ်။ ဒရမ်မာဇာတ်ကားတွေ လူကြိုက်နည်းလာရတဲ့အကြောင်းကို ဒါရိုက်တာကြည်စိုးထွန်းကပြောပြပါတယ်။

“ဒီဒရမ်မာကားတွေက အရင်ဒရမ်မာကားတွေကိုတော့ မမီသေးဘူး၊ ကျနော်တို့ငယ်ငယ်ကကြည့်ခဲ့ရတဲ့ မှုံရွေရည်တို့လို၊ ရွှေခြည်ငွေခြည်တန်းပါလို့ တို့လို အဲဒီလိုဒရမ်မာကားတွေကို အခုဒရမ်မာကားတွေက မမီသေးဘူးထင်တယ်” ထုတ်လုပ်သူတွေက ဒရမ်မာဇာတ်လမ်းတွ ရိုက်ကူးထုတ်လုပ်လာကြဦးမယ်လို့မျှော်လင့်ကြောင်း ကြည်စိုးထွန်းကပြောပါတယ်။

“ဒရမ်မာကားတွေ (ဝင်ငွေ) မရဘူးဆိုတာက တင်ပြပုံတင်ပြနည်းများလိုနေသလား၊ အားစိုက်ထုတ်မှုများလိုနေသလားလို့ ကျနော်တို့ကခံစားရတာပေါ့၊ ဟဲဗီးဒရမ်မာကားကြီးတွေကိုရိုက်ချင်တဲ့စိတ် ကျနော်တို့လိုလူတောင်မှရှိပါတယ်၊ ကျနော့လိုလူမျိုးတွေလည်း ဒီမှာရှိနေပါသေးတယ်”

ဟာသကားတွေကိုဆက်တိုက်ကြည့်မိတဲ့ပရိသတ်လည်း ရေရှည်မှာငြီးငွေ့လာလိမ့်မယ်လို့ထင်တယ်လို့လည်း ကြည်စိုးထွန်းကပြောပါတယ်။

“ခေတ်အဆက်ဆက်မှာလည်း ကျနော်တို့ ဒီလိုပဲကြုံခဲ့တာ၊ ဖိုက်တင်ကားတွေ ဝင်ငွေကောင်းလိုက်ကြ၊ နောက်တခါ ဒရမ်မာကားတွေ ဝင်ငွေကောင်းလိုက်ကြ၊ နောက် ဟာသကားတွေ ဝင်ငွေကောင်းလိုက်ကြ၊ တလှည့်စီဖြစ်နေတာပါပဲ၊ အခုအခြေအနေကတော့ ဟာသကားက နည်းနည်းစွာနေတာပေါ့ လေ”

ရန်ကုန်မှ ရုပ်ရှင်ဝါသနာအိုးတယောက်က အရင်တုန်းက ရုပ်ရှင်ရုံ တွေက တပြည်လုံးအနှံ့ရှိပေမယ့် အခုတော့ ရန်ကုန်နဲ့မန္တလေးလောက်ပဲ ရုံကောင်းရှိတော့ပြီး ရုပ်ရှင်တခါသွားကြည့်ရင်လည်း တယောက်စာ ကျပ် တထောင်အနည်းဆုံးကုန်တာကြောင့် လူတိုင်းမကြည့်နိုင်တော့ဘဲ ကျပ် ၂၀၀ လောက်ပဲကုန်တဲ့အခွေကိုပဲ ဆိုင်ကငှားကြည့်ကြတာပေါ့လို့ ပြောပါတယ်။

# ၁၀ တန်းစာမေးပွဲအတွက် ကျောင်းသား၊ ဆရာ၊ မိဘ အားလုံးပြင်ဆင်ကြပြီ

**DVB ၊ ဖေဖော်ဝါရီ ၂ ။** ။ အခြေခံအဆင့်မြင့်အထက်တန်းကိုဖြေဆိုဘို့ တလကျော်သာလိုတော့တဲ့အတွက် အခုအပတ်ကစပြီး နအဖစစ်အုပ်စုပိုင်သတင်းစာ၊ ရုပ်မြင်သံကြားတွေက အနီးကပ်ပို့ချချက်တွေထုတ်ပြန်ပေးနေသလို ဆရာ၊ ကျောင်းသား၊ မိဘတွေကလည်း စာမေးပွဲအတွက် အနီးကပ်ပြင်ဆင်မှုတွေ လုပ်နေကြပြီဖြစ်ပါတယ်။

ရန်ကုန်၊ မန္တလေးမြို့ကြီးတွေက နာမည်ကြီးကျောင်းတွေက ပါမောက္ခတွေကိုဖိတ်ကြားပြီး သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာဟောပြောချက်တွေကို ပို့ချပေးပေမယ့် တမြို့တည်းမှာရှိတဲ့ ဆင်ခြေဖုံးကျောင်းတွေကတော့ ဒီလိုအခွင့်အရေးမျိုးမခံစားရဘူးလို့ ကျောင်းသားမိဘတဦးကပြောပါတယ်။ အခြေခံမကောင်းတဲ့နယ်ကျောင်းသားတွေကိုစာသင်ပေးနေရတဲ့ ပြင်ပကျူရှင်တွေမှာလည်း အတော်လေးအခက်ကြုံနေရတယ်လို့ မြင်းခြံခရိုင်ထဲက ဓာတုဗေဒကျူရှင်ဆရာတဦးကပြောပါတယ်။

“သူတို့သင်ခဲ့တဲ့သင်တန်းတွေမှန်သမျှက ၉ တန်းအထိ ဒီလိုပဲ၊ မအောင်မရှိ ပေါ့ပေါ့လျော့လျော့နဲ့အောင်လာကြတာ၊ သူတို့မှာ အရည်အချင်းမရှိတော့ သူတို့ရဲ့အောင်မြင်မှုအတွက် ကျနော်က ဖြတ်လမ်းနည်းနဲ့သင်ပေးတာများ တယ်၊ ဓာတုဗေဒဆိုတာ လက်တွေ့ခွဲခြမ်းစိတ်ဖြာပြီးမှလုပ်ရမှာဆိုတော့ မြန်မာနိုင်ငံပညာရေးစနစ်က ဓာတ်ခွဲခန်းမရှိဘူး၊ ကျနော်တို့သင်တာ အပြင်မှာဆိုတော့ ဘာပစ္စည်းအထောက်အကူမှမရတဲ့အတွက် ကိုယ့်အတွေ့အကြုံနဲ့ သူတို့ရဲ့ဖြစ်နိုင်တဲ့အတွေးအခေါ်ကိုပဲ ရိုက်သွင်းရမလိုဖြစ်နေတယ်၊ ဒီသတင်းစာထဲပါတဲ့ စာတွေဘာတွေ၊ လက်တွေ့လေ့ကျင့်ခန်းတွေတော့လုပ်ပါတယ်၊ အပြင်ကထုတ်တဲ့ စာအုပ်မျိုးစုံ၊ မေးခွန်းမျိုးစုံကြည့်ပြီး ကလေးတွေအတွက် ဖြစ်နိုင်တဲ့စာတွေကို ကျနော်တို့သင်ပေးတာပဲ”

နယ်အစိုးရကျောင်းတွေမှာ သီတင်းကျွတ်ပြီးကတည်းက စာသင်ခန်း ထဲ ကျောင်းသားမရှိသလောက်ဖြစ်နေပြီး ညဘက် စာကျက်ရမယ့်အချိန်တွေ မှာ လျှပ်စစ်မီးမလာတာကြောင့် နယ်ကကျောင်းသားတွေ စာမေးပွဲနီးချိန်မှာ အခက်တွေ့နေရကြောင်း မြင်းခြံခရိုင်မှ ၁၀ တန်းကျောင်းသားတဦးပြောပါတယ်။

“ကျနော်တို့အခက်အခဲရှိတာက မီးမလာတော့ ကျနော်တို့မှာ စာကြည့်ရတာ မထူးပါဘူး၊ နေ့ဘက်ကစာသင်တော့ စာကျက်ဖို့အချိန်နည်းတယ်၊ ညဘက်စာကျက်ရင် ဖယောင်းတိုင်မီးလေးနဲ့ပဲကျက်ရတာဆိုတော့ အတော့ကိုအဆင်မပြေဖြစ်တယ်၊ ၉ တန်းအထိ ဆရာ ဆရာမတွေက အောင်ရုံလောက်ပဲလုပ်ပြီး ဆယ်တန်းကျတော့ အပြင်းအထန်လုပ်ရတယ်၊ ကျောင်းကသင်တယ်ဆိုတော့ ၂ ခါသင်တော့ ပိုပြီးနားလည်တယ်၊ ကျူရှင်ကဆရာတွေလုပ်ပေးတာနဲ့ပဲ ကျနော်တို့ကသွားနေရတာ၊ ဆယ်တန်းအောင်ရင်တော့ အမှတ်များများရအောင်လုပ်ပြီး အင်ဂျင်နီယာဖြစ်အောင် အပြင်းအထန်ကြိုးစားနေရတာပေါ့”

“သမီးက တောင်သာနယ်က တနှစ်ကျလေ၊ ဒုတိယအကြိမ် သမီးတို့နှစ်သစ်တုန်းကကျူရှင်သင်တာ ကျောင်းကဆရာမတွေသင်ပေးတာ၊ ကျောင်းလည်းသင်၊ အိမ်လည်းသင်တယ်၊ သူတို့အိမ်မှာသွားသင်ရတာ၊ ဘာသာစုံယူတယ်၊ မပြေလည်ပါဘူး၊ မပြေလည်တဲ့ကြားက လိုက်ပြီးသင်နေရတာ၊ သူတို့သင်တာ ကိုယ်ကလည်းနားမလည်တော့ လွှတ်ထားလိုက်တာ ပြန်ကြည့်မနေတော့ဘူး၊ ည စာဆိုရင် သိပ်မကျက်ရဘူး၊ ဖယောင်းတိုင်မရှိရင် တခါတလေမကျက်ရဘူး၊ မိဘတွေက တောင်သူတွေလုပ်တာ၊ စိုက်ပျိုးပြီးရတဲ့သီးနှံတွေကိုရောင်းပြီး သမီးဆီကိုလာရတယ်၊ အခုစာတတ်တာထက် ပိုတတ်ချင်တာပေါ့၊ သမီးက ဆရာမပဲဖြစ်ချင်တယ်”

မြင်းခြံခရိုင်မှကျောင်းသူတဦး ပြောပြတာဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေး အပါအဝင် မြို့ကြီးကျောင်းတွေမှာ ပညာရေးဝန်ကြီးက ကျောင်းခေါ်ချိန်မပြည့် ရင် စာမေးပွဲပေးမဖြေဘူးလို့ တင်းတင်းကျပ်ကျပ်သတ်မှတ်ထားတာကြောင့် ကျူရှင်အားကိုးပြီး ကျောင်းမလာချင်တဲ့ကျောင်းသားတွေနဲ့ ဆရာတွေကြား မပြေလည်မှုတွေရှိနေကြောင်း ရန်ကုန်အထက်တန်းပြဆရာမတဦးကပြောပါတယ်။

“ကျောင်းသားတွေ ကျောင်းမလာချင်ကြတာကို ဝန်ကြီးကမကြိုက်ဘူး၊ ကျောင်းသားတွေ ကျောင်းအမြဲတမ်းတက်ရမယ်လို့ ပညာရေးဌာနက လုံးဝကန့်သတ်လိုက်တယ်၊ ကျောင်းခေါ်ချိန်မပြည့်ရင် မဖြေရဘူးကန့်သတ်လိုက် တော့ ဆရာနဲ့မိဘတွေ ဆွေးနွေးရတယ်၊ ကျောင်းကိုသူတို့မလာချင်တာက ကျူရှင်မှာသင်ထားတော့ စာတွေကရိုးနေပြီပေါ့၊ ကျူရှင်စာတွေပဲလုပ်နေကြ တယ်၊ ကျောင်းလာရင် စာမရေးရင်မရဘူး ဆရာမတွေနဲ့ ပွဲကြီးပွဲကောင်းပဲ၊ ကျောင်းသားတွေက နွေရာသီကတည်းက ကျူရှင်ဆရာတွေဆီမှာကြိုသင်ထားတာ၊ ကျောင်းရောက်တော့ သူတို့ ပင်ပန်းတာကလည်းတကြောင်း၊ စာကိုလည်းဖတ်ပြီးကာမှ နားမထောင်ချင်တော့ဘူး၊ ပြီးတော့ မထိလေးစားတွေလုပ်ကြတယ်၊ ဆရာမတွေကလည်း ကျောင်းသားတွေ အဲဒီလိုတွေလုပ်တော့ စေတနာမထားဘဲ ဒီအတိုင်းပဲသင်သွားလိုက်တာ”

ကျောင်းသားက ဆရာကိုအပြစ်တင်၊ ဆရာက ကျောင်းသားကိုအပြစ်တင်နေတဲ့အခြေအနေအပေါ်မှာ မန္တလေးက ဘာသာစုံဘော်ဒါဆောင်ဆရာမတဦး၊ မြင်းခြံမြို့ ထနောင်းတိုင်ကျေးရွာမှာ ၇ တန်းကနေ ၁၀ တန်းအထိ ပညာဒါနစာသင်ပေးနေတဲ့ အလင်းဥယျာဉ်စေတနာကျောင်းပိုင်ဆရာတော်နဲ့ ရန်ကုန်မြို့မှကျောင်းသားမိဘတဦးက သူတို့ယူဆချက်တွေကိုပြောပါတယ်။

“သူတို့အားလုံးအပြစ်ရှိကြတယ်လို့ထင်တယ်၊ ကျောင်းသားကိုယ်တိုင်ငယ်စဉ်ကသိပ်မလုပ်ဘူး၊ ငယ်ငယ်တုန်းက အခြေခံမပါပေမဲ့လုပ်နိုင်တယ်၊ အခု ၉ တန်း ၁၀ တန်းအသိရှိလာတဲ့အချိန်ကျတော့လည်း သူတို့လုပ်နိုင်တဲ့အတိုင်းအတာအထိ တာဝန်ကျေအောင်လုပ်ချင်တဲ့ကျောင်းသားဆိုရင် သူတို့မှာအပြစ်မရှိဘူး၊ ဒုတိယကတော့ ငယ်ငယ်တုန်းကလည်းဘာမှမလုပ်ခဲ့ဘူး၊ အခုချိန်ထိ လည်း အသိမရှိသေးဘူး၊ ဒါဆိုရင် သူတို့ကိုယ်တိုင်က အများကြီးအပြစ်ရှိနေ ပြီ၊ အဓိကတော့ ကျောင်းသားရဲ့လိုချင်စိတ်ပါ”

“ကျောင်းသားကိုယ်တိုင်က စာလုပ်ဖို့အတိုင်းအတာမှာ တော်တော်လည်းလျော့ရဲတာ၊ ကလေးတွေက ပညာသင်တဲ့အခါမှာ အာရုံစူးစိုက်နားထောင်တာနည်းတော့ ပညာရပ်တခုအပေါ်မှာ ကိုယ့်ဦးနှောက်နဲ့ကိုယ် တွေးခေါ်နိုင်တဲ့အခြေအနေတွေဆိုတာ သင်ခန်းစာပေါ်အာရုံမစူးစိုက်တဲ့အခြေအနေ မှာ တော်တော်များများဖြစ်လာတယ်၊ ဒီတော့ ဘာဖြစ်လဲဆို ပညာသင်ယူပုံသင်ယူနည်း၊ ဆရာ့ဆီက သင်ခန်းစာကိုနားထောင်ပုံ နားထောင်နည်းကိုက သေသေချာချာဂရုစိုက်လုပ်ပေးရမယ်”

“ဒီမှာ ကျောင်းသားတွေယူထားတဲ့ဟာတွေက သူတို့အတွက် မျှော်လင့်ချက်ဆိုတဲ့အနာဂတ်က မရှိဘူး၊ ဒီတော့ မျှော်လင့်ချက်တွေဆုံးရှုံးရမှာပဲဆိုပြီး ပညာသင်တာတောင်မှ မိဘကကျောင်းအပ်ထားတဲ့အတွက် မိဘကို တာဝန်ကျေသဘောမျိုးနဲ့ သူတို့တက်နေကြတာ။ ရည်ရွယ်ချက်ဆိုတာ သူတို့မှာ ပျောက်နေပြီ”

“သမီးက ကျူရှင်လည်းတက်တယ်၊ ကျူရှင်က စောသင်တာကို ကျောင်းမှာထပ်သင်တော့ ကျောင်းက ပြန်လှန်သင်ကြားရေးလုပ်ပေးသလိုဖြစ်သွားတော့ ကိုယ်က စာပိုရသွားတယ်၊ ပြီးတော့ ဆရာတွေပြောတာကို သေချာနားထောင်တယ်၊ သတင်းစာတွေမှာ အင်တာဗျူးလုပ်တဲ့ဟာတွေကိုဖတ်ပြီး သူတို့လုပ်တဲ့အတိုင်းလုပ်နိုင်အောင် ကြိုးစားပြီးတော့လုပ်ရတယ်”

“မေးခွန်းဟောင်းစာအုပ်တွေနဲ့ ဖြေနိုင်အောင်လုပ်တယ်၊ ဉာဏ်စမ်းဆိုရင်တော့ ပုံနှိပ်စာအုပ်တအုပ်လုံးဖတ်မှပဲ ဖြေနိုင်တာ၊ ဒါကြောင့် ပုံနှိပ်စာအုပ်ကို သေချာပိုင်ပိုင်နိုင်နိုင်ရအောင်လုပ်ထားတယ်၊ အပုဒ်ကြီးတွေကိုလည်း သေချာကျက်ထားတယ်၊ အဲဒီအခါကျမှ ဖြေနိုင်တာ”။

# ဂမ်ဘာရီကို ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်က အချက်သုံးချက်တင်ပြ

**DVB ၊ ဖေဖော်ဝါရီ ၂၊** ။ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရေးမလုပ်ဘဲ လမ်းပြမြေပုံ ၇ ချက်အတိုင်း တဘက်သတ်ဆောင်ရွက်မယ်ဆိုရင် ၂၀၁၀ ရွေးကောက်ပွဲအသစ်ကို စဉ်းစားမှာမဟုတ်ဘူးလို့ မစ္စတာဂမ်ဘာရီကိုတင်ပြလိုက်တယ်လို့ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် SNLD ကပြောပါတယ်။

မစ္စတာဂမ်ဘာရီက SNLD ခေါင်းဆောင်တွေနဲ့ ဒီနေ့တွေ့ဆုံရာမှာ ဒီလိုပြောကြားလိုက်တာလို့ SNLD ပြောခွင့်ရပုဂ္ဂိုလ် စိုင်းလိတ်ကပြောကြားပါတယ်။ ရန်ကုန် စိမ်းလဲ့ကန်သာအစိုးရဧည့်ဂေဟာမှာ ဒီမနက် ၁၁ နာရီခန့်က စပြီး နာရီဝက်နီးပါးတွေ့ဆုံရာမှာ SNLD အတွင်းရေးမှူးအဖွဲ့ဝင်တွေဖြစ်တဲ့ စိုင်းစိုးအောင်၊ စိုင်းတင်လှိုင်နဲ့ စိုင်းရွှေကျူးတို့က အောက်ပါအချက် ၃ ချက် တင်ပြဆွေးနွေးခဲ့တယ်လို့ပြောပါတယ်။

၁ ။ အတိုက်အခံခေါင်းဆောင်တွေဖြစ်တဲ့ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့၊ တိုင်းရင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ခွန်ထွန်းဦး၊ စိုင်းညွန့်လွင်အပါအဝင်၊ နိုင်ငံရေးအကျဉ်းသားအားလုံးကိုပြန်လွှတ်ဖို့၊

၂ ။ နအဖစစ်အစိုးရ၊ အတိုက်အခံခေါင်းဆောင်တွေနဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီခေါင်းဆောင်တွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေပါဝင်တဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်အောင်ဆောင်ရွက်ပေးဖို့၊

၃ ။ တွေ့ဆုံဆွေးနွေးရေးမလုပ်ဘဲ နိုင်ငံရေးလမ်းပြမြေပုံ ၇ ချက်အတိုင်းပဲ တဘက်သတ်ဆောင်ရွက်သွားမယ်ဆိုရင် တိုင်းရင်းသားပြည်သူတရပ်လုံးက လက်ခံနိုင်တဲ့ နိုင်ငံရေးပြေလည်မှုမျိုးကို လုံးဝရရှိနိုင်မှာမဟုတ်ဘူး။

"တွေ့ဆုံဆွေးနွေးရေးမလုပ်ဘူးဆိုလို့ရှိရင်တော့ ၂၀၁၀ ရွေးကောက်ပွဲကိစ္စကို SNLD အနေနဲ့ ထည့်သွင်းစဉ်းစားချင်းပြုမှာမဟုတ်ဘူးဆိုတဲ့အချက်ကို တင်ပြဆွေးနွေးခဲ့ပါတယ်" လို့ စိုင်းလိတ်ကပြောကြားပါတယ်။

ဒီတင်ပြချက်ကို မစ္စတာဂမ်ဘာရီက မစ္စတာဘန်ကီမွန်းထံ ဆက်လက်တင်ပြအစီရင်ခံမယ်၊ နအဖစစ်ခေါင်းဆောင်တွေထံလည်း တင်ပြဆွေးနွေးမယ် လို့ ပြောသွားတယ်လို့ စိုင်းလိတ်ကပြောပါတယ်။

"ပါဝင်သင့်ပါဝင်ထိုက်တဲ့ပုဂ္ဂိုလ်တွေအားလုံးပါဝင်တဲ့ ဒိုင်ယာလောခ်မျိုးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားပါမယ်လို့ ကတိပြုပြောကြားသွားပါတယ်"

ဂမ်ဘာရီနဲ့ ပထမဆုံးအကြိမ်တွေ့ခွင့်ရတဲ့ SNLD အနေနဲ့ "အားရကျေနပ်မှုတော့ သိပ်မရှိဘူး" လို့လည်း စိုင်းလိတ်ကပြောပါတယ်၊ "ဒါပေမဲ့ မျှော်လင့်ချက်တစုံတရာထားလို့ရပါတယ်၊ မစ္စတာဂမ်ဘာရီအနေနဲ့ ကျနော်တို့ကို ကတိပေးထားတဲ့အတိုင်း ကြိုးစားဆောင်ရွက်သွားနိုင်လိမ့်မယ်ဆိုတာကိုတော့ ကျနော်တို့အနေနဲ့ မျှော်လင့်ချက်ထားပါတယ်"

စစ်အစိုးရက မစ္စတာဂမ်ဘာရီကို တိုင်းရင်းသားအဖွဲ့စည်းနဲ့တွေ့ခွင့်ပြုတာဟာ နိုင်ငံရေးအရတိုးတက်မှုလို့ယူဆနိုင်ပေမယ့် ကျေနပ်အားရလောက်အောင်တော့မဟုတ်သေးဘူးလို့လည်း ပြောပါတယ်။

"ဥပမာ ဖျက်သိမ်းခံထားရတဲ့နိုင်ငံရေးပါတီတွေ၊ ပါဝင်သင့်ပါဝင်ထိုက် တဲ့ ပုဂ္ဂလိကပိုင်းဆိုင်ရာပုဂ္ဂိုလ်တွေ၊ အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့အစည်းတွေ ဒါတွေအားလုံးဆုံတွေ့နိုင်မှသာလျှင် ကျနော်တို့ တွေ့ဆုံဆွေးနွေးရေးလမ်းစအဖြေမှန်ကိုတွေ့မယ်လို့ ကျနော်ယုံကြည်ထားတယ်လေ၊ ဒါကြောင့် အခုတွေ့ဆုံဆွေးနွေးရေး၊ ကျနော်တို့ကိုခေါ်ပြီးတွေ့တဲ့ကိစ္စ တစုံတရာမျှော်လင့်ချက်ထားနိုင်ပေမယ့် ပြီးပြည့်စုံတဲ့ကျေနပ်အားရမှုမျိုးတော့မရှိဘူးလို့ ကျနော်တို့သုံးသပ်တာပါ"။

Voice of Burma


**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

**Tel/Fax: 81 3-6323-5114**
**E-mail: sayarkway@yahoo.com**
**voburma@ac.auone-net.jp**



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


AIR MAIL

**To**

**PRINTED MATTER**